# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၉)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၁-၇-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာမြင့်မားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၂၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရမည်းသင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက **"ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"** Video Clip ကို ပြသသည်။

**ပြုစုပျိုးထောင်ပေး**

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ စာအုပ်စာပေများသည် မိမိတို့အားလုံးကို အသိပညာဗဟုသုတများအား ပေးစွမ်းနိုင်သည့်အတွက် ငယ်စဉ်အချိန်ကပင် ဖတ်ရှုလေ့လာကြရန်လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာမြင့်မားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ ယခု စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များမှသည် စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ်လှူဒါန်းရာ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** သီချင်းဖြင့် ဖျော်ဖြေကြပြီး ရုပ်ရှင်အနုပညာရှင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က **"စာစုံ ဖတ်မယ် ကျောင်းသားအရွယ်"** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

သတင်းစဉ်

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရန်အတွက် တက္ကသိုလ် ၁၇ ခု၊ သူနာပြုသားဖွား၊ နီးနွယ်သင်တန်းကျောင်း ၅၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် သင်ကြားရေးပိုင်းတွင် လိုအပ်သော ခေတ်မီနည်းပညာမြင့်၊ အရည်အသွေးမြင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံအဆောက်အအုံများနှင့် သင်ကြားရေးဆေးရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးတက္ကသိုလ်များနှင့် သူနာပြုတက္ကသိုလ်များတွင် ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်း (Outcome-Based Curriculum) ဖြင့် သင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-Professional Education) နှင့် ဆေးပညာကျင့်ဝတ် (Professional Ethics) ပိုင်းဆိုင်ရာတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် ဘွဲ့လွန်ဆေးပညာသင်တန်း ၁၄၁ ခုကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပြည်ပပညာသင် ကာလတို၊ ကာလရှည်သင်တန်းများ တက်ရောက်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ ကျင်းပသည့် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲတွင် KG+12 ပညာရေးစနစ်သစ်အရ ဘွဲ့ကြိုသင်တန်းအသီးသီး၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ် ပြင်ဆင်ရေးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ခေတ်ကာလပြောင်းလဲတိုးတက်မှုနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွေးနွေးကြမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ယနေ့မျက်မှောက်ခေတ် ဆေးပညာသင်ကြားရေး၏ ပြောင်းလဲတိုးတက်နေမှုများနှင့် (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လုံလောက်စွာ လေ့ကျင့်မွေးထုတ်နိုင်ရေးသာမက အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ဆေးပညာသင်ကြားရေးအဆင့်အတန်း၊ စံနှုန်းစံညွှန်းများနှင့် ကိုက်ညီစေရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးတက္ကသိုလ်၊ အင်းဝ(၂၇) ခန်းမ၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပြိုင်ပွဲများ ကျင်းပနေမှုကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်(ဌာနမှူး သင်တန်းရေးရာ)ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

မန္တလေးတက္ကသိုလ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာဖတ်ဝိုင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ဇူလိုင် ၃၁ ရက်နေ့မှ ဩဂုတ်လ ၂ ရက်နေ့အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဩဂုတ်လ ၆ ရက်နေ့တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၅၆)**



## မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၀)အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အမှတ်(၃၀)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က အသင်းဆောင်ရွက်ချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်း၊ ပါဝင်ဆွေးနွေးသူများက မူးယစ်ဆေးဝါးအမျိုးအစားများ အန္တရာယ်များအကြောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးခိုင်က Vape အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Happy Water အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးစိုးညီညီဝင်းက မူးယစ်ဆေးဝါးဥပဒေအကြောင်းကို ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် MANA (မန္တလေးတိုင်းဒေသကြီး)အဖွဲ့ဝင်များက လက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## လူ့ဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြောပွဲ၊ ပန်းခင်းစီမံချက် အဆင့်(၃)နှင့် Biometric ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအသိပညာပေး ဟောပြောပွဲနှင့် ပန်းခင်းစီမံချက် အဆင့်(၃)၊ Biometric ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါ မြို့နယ်ရှိ (ဈ)ရပ်ကွက်၊ အ·ထ·က(၂၇) ကျောင်း၊ အောင်တံခွန်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က သန်းခေါင်စာရင်း အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် သမိုင်းကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်က သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းပုံစံများ၊ ကောက်ယူမည့် ရည်ညွှန်းချိန်များကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများအား အပြန်အလှန် မေးခွန်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သန်းခေါင်စာရင်းဆိုင်ရာအသိပညာပေး ပြက္ခဒိန်များ၊ လက်ကမ်းစာစောင်များအား တက်ရောက်လာကြသူများထံသို့ ဖြန့်ဝေပေးအပ်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကျောင်းသား၊ ကျောင်းသူများထံသို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုနှင့် ကွင်းဆင်းဆောင်ရွက်ထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူ ကျောင်းသား၊ ကျောင်းသူများအား Biometric ဆိုင်ရာ ကွင်းဆင်း၍ UID ကတ်များ ထုတ်ပေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာစိုးဝင်းတို့ နေပြည်တော်(တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၃၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ်(၅)ယှဉ်ပြိုင်မှုနှင့် ချစ်စရာ့အရွယ် ကစားကြမယ် ကလေး အစီအစဉ်ယှဉ်ပြိုင်မှု ရိုက်ကူးရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု အားပေးကြသည်။



**လိုက်လံကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး များနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room, MRTV HD၊ MRTV News သတင်းထုတ်လွှင့်ခန်းများ နှင့် သတင်း Studio များတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု လေ့လာကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြ သည်။ (အပေါ်ယာပုံ)

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ၂၀၁၉ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် သပိတ်ကျင်း မြေငလျင်ဒဏ် ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၏ ပင်မအဆောက်အဦ တွင် ကြမ်းခင်း၊ နံရံနှင့် ကွန်ကရစ် လမ်းများ၌ အက်ကြောင်းများ ဖြစ်ပေါ် ပျက်စီးခဲ့မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်နေမှု အခြေ အနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး များနှင့်အဖွဲ့သည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံသွင်း/အသံ ထပ်စတူဒီယို (Dubbing Studio) ခန်းတွင် ကျင်းပသည့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူရေး ဆိုင်ရာ အသိပညာမျှဝေပေးရေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ် (၅) ကို နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူ ငါးဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**ဆက်လက်ယှဉ်ပြိုင်ကြရမည်**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူမှုလုပ်ငန်းကို အများပြည်သူစိတ်ဝင်စားမှု ပိုမို ရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက် လာနိုင်စေရေး အသိပညာမျှဝေ လှုံ့ဆော်ခြင်းဖြင့် လူထုလှုပ်ရှား မှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီး ဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာဦးစီးဌာနတို့နှင့် ပူးပေါင်း ၍ Radio ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အား ပွဲစဉ် (၅)ခုဖြင့် ကျင်းပလျက် ရှိရာ ပွဲစဉ်တစ်ခုစီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် ရွေးချယ်ထားသည့် စုစုပေါင်း ၁၀ ဦးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ဆက်လက် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများနှင့်အဖွဲ့သည် Auditorium ခန်းမသို့ ရောက်ရှိကြရာ မြန်မာအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်း အမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်မည့် ဇာတ်တော် ကြီးပြိုင်ပွဲအား လက်ခံကျင်းပ နိုင်ရန်အတွက် MRTV Auditorium ခန်းမအရွယ်အစား၊ Stage အမြင့်နှင့် ပရိသတ်ဝင်ဆံ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ MRTV Auditorium သည် အလျား ၄၈'၊ အနံ ၄၅'၊ အမြင့် ၃' ၄" ရှိသည့် ရိုက်ကူးရေး စင်မြင့် Stage၊ အသံစနစ်၊ Lighting Bar ၊ Setting Bar ၊ Main Curtain၊ Side Tab၊ Intermediate Curtain နှင့် Elevator Stage များ ထည့်သွင်းတပ်ဆင်ထားရှိပြီး ပရိသတ် ၄၇၅ ဦး ဝင်ဆံ့သည့် ရိုက်ကူးရေးခန်းမဖြစ်သည်။

ဆက်လက်၍ Auditorium ခန်းမတွင် ပြည်ထောင်စုဝန်ကြီး များနှင့် အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည့် MRTV "သီချင်း နှင့် တေးသရုပ်ဖော်တို့ဖြင့် ဦးစွာ ဖျော်ဖြေတင်ဆက်ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် "ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ် ရိုက်ကူးရေးဆောင်ရွက်မှုကို လူမှု ဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထား သည့် ဥတ္တရသီရိ မူလတန်းကြို ကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း၊ ဒက္ခိဏ သီရိ မူလတန်းကြိုကျောင်းနှင့် ပျဉ်းမနားမူလတန်းကြိုကျောင်း များမှ ကလေးငယ်များ ယှဉ်ပြိုင် ကစားမှုကို ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည့် ကလေးငယ်များအားပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်း များ ပေးအပ်ကြသည်။

**ထုတ်လွှင့်ပြသလျက်ရှိ**

အဆိုပါ ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ် ကို ၁၉၉၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့် ပေးခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ ရပ်နားထားခဲ့ ရာမှ ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းဦးစီးဌာနတို့ ညှိနှိုင်း ပေါင်းစပ်၍ မူလတန်းကြိုကျောင်း များမှ ကလေးငယ်များဖြင့် MRTV Auditorium ခန်းမတွင် အပတ်စဉ် ရိုက်ကူးလျက်ရှိပြီး ဇူလိုင်၂၀ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့ တိုင်း ထုတ်လွှင့်ပြသလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး များနှင့်အဖွဲ့သည် မူကြိုကျောင်း များမှ ဆရာ ဆရာမများ၊ တာဝန်ရှိ သူများ၊ မိဘများ၊ ကလေးများနှင့် အတူ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုပြတိုက်တွင် ခင်းကျင်း ပြသထားရှိမှုများအား လိုက်လံ ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ (ဒုတိယနေ့) ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ် ပွဲ (ဒုတိယနေ့) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည် တော်ရှိ Hotel Max ၌ ဆက်လက်ကျင်းပသည်။



နှီးနှောဖလှယ်ပွဲ (ဒုတိယနေ့) တွင် သွားဘက် ဆိုင်ရာ ဆေးပညာအစုအဖွဲ့ (Dental Syndicate) တွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ပိုင်စိုး၊ ဆေးဝါးပညာရပ်ဆိုင်ရာ အစုအဖွဲ့ (Pharmacy Syndicate) တွင် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ဦးနှင့် ဆေးဝါးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာ ရီရီတင်၊ သူနာပြုပညာရပ်ဆိုင်ရာအစုအဖွဲ့ (Nursing Syndicate) တွင် သူနာပြုတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာမာလာဝင်း နှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်၊ ဆေးဘက်ဆိုင်ရာ နည်းပညာအစုအဖွဲ့ (Medical Technology Syndicate) တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာသန်းမြင့် နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာ တင်တင် လေး၊ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာအစုအဖွဲ့ (Public Health Syndicate) တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဒေါက်တာ သန်းဇော်မြင့်နှင့် အခြေခံကျန်းမာ ရေး တက္ကသိုလ်-မကွေး ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အတွက် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများ ပြုပြင် ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဘွဲ့လွန်သင်ရိုး ညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ရေးဆွဲ ရေးကိစ္စရပ်များကို ဆွေးနွေးကြရာ တက်ရောက် လာကြသူများက တက်ကြွစွာ ပါဝင်အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြမှုများ၏ ရလဒ်များနှင့် အကြံပြုချက် များ တင်ပြခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက် ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကျန်းမာရေး လူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာချောစုမောင်က နှီးနှော ဖလှယ်ပွဲရလဒ်များနှင့် အကြံပြုချက်များကို စုစည်း တင်ပြသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနား ကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နှီးနှောဖလှယ်ပွဲရလဒ်တွင် အနာဂတ် ဆေးပညာသင်ကြားရေး အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် ကောင်းမွန်သော ရလဒ်များ ထွက်ရှိအောင် တက်ကြွစွာ တက်ရောက်ပါဝင် ဆွေးနွေးပေးခဲ့မှုများအပေါ်တွင် များစွာကျေးဇူးတင် ရှိကြောင်း ပြောကြားပြီး (၁၁) ကြိမ်မြောက် ဆေး ပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဗဟိုကော်မတီဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် State Academy၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁/၂၀၂၄) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက် ရှိ/မရှိနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ပြီး ဆန်းစစ်ချက်များနှင့်အတူ ကော်မတီသို့ ပြန်လည်တင်ပြနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက် ရှိ/မရှိနှင့် စပ်လျဉ်းပြီး အရေးပါသည့် ခေါင်းစဉ် (၅)ခုကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board ၏ လုပ်ငန်းယန္တရား စနစ်တကျ ပေါ်ထွက်လာပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် အဖွဲ့အလိုက် ဆွေးနွေးကြမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့(၅)ဖွဲ့မှ ကိုယ်စားလှယ်များက MTDB ၏ အမည်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ MTDB ၏ ဖွဲ့စည်းပုံ၊ MTDB ဥပဒေရေးဆွဲပြုစုရေးနှင့် ဥပဒေတွင်ထည့်သွင်းရမည့်ကိစ္စရပ်များ၊ MTDB ၏ စီမံကိန်းများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် MTDB ၏ ဘဏ္ဍာငွေအရင်းအမြစ်များ ရရှိခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



သတင်းစဉ်

# နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၀

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီးမျိုးသန့်ခြံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ သင်တန်းသားတောင်သူလယ်သမားများ တက်ရောက်ကြသည်။



**စိုက်ပျိုးရန်အသင့်တော်ဆုံးသီးနှံ**

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း၌ ရာသီ ဆီထွက်သီးနှံများကို နှစ်စဉ် ဧကရှစ်သန်းကျော် စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံဧကလေးသန်းနီးပါး စိုက်ပျိုးလျက်ရှိသဖြင့် ဆီထွက်သီးနှံများအနက် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် သီးနှံတစ်ခုအဖြစ် တွေ့ရှိရကြောင်း၊ နှမ်းသီးနှံစိုက်ပျိုးရန် တစ်ဧကအတွက် အသုံးပြုရသည့် မျိုးစေ့ပမာဏနှစ်ပြည်သာ အသုံးပြုရပြီး မျိုးစေ့နှုန်းထား အနည်းဆုံးဖြစ်သည့်အပြင် နှမ်းတစ်တင်းမှ ဆီခြောက်ပိဿာထွက်ရှိသဖြင့် ဆီပါဝင်မှုရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်ခြင်းအပြင် မြန်မာ့ရိုးရာ မုန့်ပဲသရေစာအမျိုးမျိုးတွင် အသုံးများပြီး ပြည်ပဈေးကွက်လည်း ရှိနေခြင်းကြောင့် ဆီထွက်သီးနှံများထဲတွင် စိုက်ပျိုးရန် အသင့်တော်ဆုံး သီးနှံဖြစ်ကြောင်း၊ ထို့ကြောင့် နှမ်းသီးနှံ အများဆုံးစိုက်ပျိုးကြသည့် ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ တောင်သူများကို ဦးစားပေးဖိတ်ခေါ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲတစ်ဧက ကျပ်သုံးသိန်းနှုန်း၊ နေကြာတစ်ဧကကျပ် နှစ်သိန်းနှုန်း၊ နှမ်းတစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းနှင့် ညီမျှသော သွင်းအားစုများ ထုတ်ပေးပြီး ဆီစက်လုပ်ငန်းရှင်များက သီးနှံများ ပြန်လည်ဝယ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မျိုးသန့်ခြံနှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များကို လေးရာသီ ဆောင်ရွက်ခဲ့ပြီး တောင်သူကွင်းသရုပ်ပြပွဲများကို ကျောက်ဆည်၊ ချောင်းမကြီးမျိုးသန့်ခြံ၊ မလှိုင်မျိုးသန့်ခြံနှင့် နတ်မောက်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုသင်တန်းတွင် နှမ်းမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာများကို မျှဝေပေးသွားမည်ဖြစ်ပြီး နေပြည်တော်ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းများကို လက်တွေ့လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် RS အဆင့် (မျိုးသန့်မျိုးပွားမျိုးစေ့) ဆင်းရတနာ ၁၄ နှမ်းမျိုးစေ့များကို တောင်သူများအား ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ဝါသီးနှံမျိုးသန့်ခြံများဖြစ်ကြသည့် ချောင်းမကြီးခြံနှင့် ပျော်ဘွယ်ခြံတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စီပင်ခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါဂွမ်းချည်မျှင် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဝါသီးနှံမျိုးသန့်များ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေး၊ တောင်သူများအတွက် တွက်ခြေကိုက် ဝင်ငွေတိုးစေမည့် သီးနှံအထွက်ရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် မြေဆီဩဇာထက်သန်စေမည့် ဒေသပေါက်ပင်များ စိုက်ပျိုးဆောင်ရွက်ရန် လိုအပ်ချက်များ၊ မြေဆီလွှာကျန်းမာရေးအတွက် မြေလပ်မကျန် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဒေသခံတောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ငူမြို့နယ်၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်



တောင်ငူ ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဓာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ (အထက ၆)၌ ဆောင်ရွက်သည်။

**အမှာစကားပြောကြား**

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ် သန္နေအရန် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ပရဟိတအသင်းအဖွဲ့များမှ အဖွဲ့ဝင် ၃၅ ဦး စုစုပေါင်း ၇၀ ခန့်က ငလျင်ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံအတွင်း ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်မှုသရုပ်ပြခြင်းကို ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့်က ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာထွေးက သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အသိပညာပေးဟောပြောဆွေးနွေးကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## စည်ပင်သာယာရေးဥပဒေများ စိစစ်မှုဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စည်ပင်သာယာရေးဥပဒေများ စိစစ်မှုဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီတာစန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ မွန်နှင့် ရှမ်းတို့မှ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စည်ပင်သာယာရေးဥပဒေများပါ ပြဋ္ဌာန်းချက်များ တစ်ပြေးညီဖြစ်စေရေးအတွက် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ၊ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော လွိုင်ကော်မြို့ ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး



လွိုင်ကော် ဇူလိုင် ၃၀

ကယားပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ယခုအခါ လွိုင်ကော်မြို့တွင် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် အခြေချနေထိုင်လျက်ရှိသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကူးသန်းရောင်းဝယ်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကိုမနာလိုမရှုဆိတ်သော KNDF/ KNPP/ PDF အမည်ခံ သောင်းကျန်းသူများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်ကာ လွိုင်ကော်မြို့ တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာစွာ ဇူလိုင် ၂၉ ရက် ည ၉ နာရီခန့်တွင် လူနေရပ်ကွက်များအတွင်းသို့ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သာသနိကအဆောက်အအုံများ၊ ဘုရားစေတီနှင့် လူနေအိမ်များပေါ်သို့ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရပြည်သူများအား တာဝန်ရှိသူများက လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အပြစ်မဲ့ထိခိုက်ဒဏ်ရာရလူနာများအား ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လှည့်လည်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများနှင့် တပ်မိသားစုဝင်များအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လွိုင်ကော်မြို့ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော မြို့ရွာ/ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူများ၏ နေအိမ်များ၊ ဘုရားစေတီပုထိုးများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက်တစ်ကြိမ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထား



မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအစီအစဉ်အရ ပြည်သူများထံသို့ ကားများဖြင့် ဆီရောင်းချပေးစဉ်။

ရန်ကုန် ဇူလိုင် ၃၀

အိမ်ထောင်စုတစ်စုလျှင် တစ်လတစ်ကြိမ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

### ဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၄၄) မြို့နယ်၌ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကား အရောင်းဆိုင်များမှတစ်ဆင့် ပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးလျက်ရှိသော်လည်း အရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများအနေဖြင့် စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာဝယ်ယူနိုင်ရန်၊ လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက် ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားသည်ဟု ဇူလိုင် ၃၀ ရက်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အသိပေးထုတ်ပြန်ထားသည်။ ဝယ်ယူနိုင်ရန်အတွက် Call Center ဖွင့်လှစ်၍ မှာကြားချက်များကိုမှာကြားနိုင်ရန် လက်ခံမှတ်သားသွားမည်ဖြစ်၍ ဇူလိုင် ၃၁ ရက်မှစ၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) Call Center ဖုန်းနံပါတ် ၀၁- ၂၃၉၉၂၂၂ (လိုင်းခွဲ ၇ လိုင်း)သို့ မှာကြားနိုင်ကြောင်း အသိပေးထားသည်။ ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကိုအခြေခံ၍ အကျိုးအမြတ်ထည့်သွင်းထားခြင်းမရှိဘဲ ဘူးခွံဖိုးနှင့်ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းပါရှိသည်။ Delivery ခကို မှာကြားသည့်ဝယ်သူဘက်မှ ပေးချေရမည်ဖြစ်ပြီး ပစ္စည်းရောက်ငွေချေစနစ်ဖြင့်သာ ရောင်းချသွားမည်ဖြစ်သည်။

### အသိပေးကြေညာ

ထို့အတူ ဆီဖိုးကို ကြိုတင်ငွေပေးချေရန် မလိုကြောင်းနှင့် မှာကြားရက်နှင့်ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့်ကွာခြားနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ အသိပေးကြေညာထားသည်။

MT

# မိုးဦးကာလနှင့် မှိုအဆိပ်သင့်အန္တရာယ်အကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ



**မှိုအကြောင်း သိကောင်းစရာ**

ကမ္ဘာပေါ်တွင် မှိုအမျိုးအစားပေါင်း ၁၄၀၀၀ ကျော်ရှိရာ ၎င်းတို့အနက် ၃၀၀၀ နီးပါးခန့်သာ စားလို့ရပြီး ၇၀၀ ခန့်မှာ ဆေးဖက်ဝင်သည်။ အစက်အပြောက်ရှိသော မှိုနှင့် ခြေချင်းဝတ်ပါသော မှိုတို့သည် အဆိပ်အတောက် ဖြစ်စေတတ်သဖြင့် လုံးဝမစားအပ်ပါ။ မှိုသည် ပူနွေးသောရာသီဥတုမှ စိုစွတ်ထိုင်းမှိုင်းသော မိုးဥတုသို့အကူးတွင် သစ်ပင်၊ ဝါးပင်၊ တောင်ပို့နှင့် အခြားမြေအချို့တွင် သဘာဝအလျောက် ပေါက်ရောက်တတ်သည်။ မှိုအားလုံးလိုလိုသည် အဖြူရောင်ဖြစ်ပြီး လူပုကလေးက ထီးဖြူဆောင်းထားသော ပုံသဏ္ဌာန်ရှိသည်။ မှိုအမျိုးအစားပေါ်လိုက်၍ အရောင်၊ ပုံသဏ္ဌာန်၊ အရသာနှင့် အရွယ်အစားကွာခြားမှု အနည်းငယ်စီ ရှိကြသည်။ ကမ္ဘာပေါ်တွင် မှိုဖြူ (white mushroom) နှင့် ရှီတာကီမှို (Shiitake mushroom) အနက်ရောင်မှိုတို့သည် အရသာအကောင်းဆုံးဖြစ်သည်။ ဂရိရာဇဝင်များတွင် "မှိုသည် စစ်သည်တော်များကို တိုက်ပွဲတွင် ခွန်အားပေးနိုင်သည်" ဟုလည်းကောင်း၊ ရောမတို့က "မှိုသည် ဘုရားသခင်ကပေးသောလက်ဆောင်" ဟုလည်းကောင်း ကိုးကွယ်ယုံကြည်ကြသည်။

**မှိုစားဖွယ်စုံ**

အထူးသဖြင့် တရုတ်၊ ဂျပန် နှင့် ကိုရီးယား တိုင်းရင်းဆေးဝါးများတွင် မှိုကို သက်စောင့်ဆေးအဖြစ် နှစ်ခြိုက်စွာ စားသုံးလျက်ရှိကြသည်။ ဟင်းသီးဟင်းရွက်နွယ်ဝင်မှို(အစို)ကို သန့်ချည်းသက်သက် လွတ်ကြော်စားနိုင်သလို၊ မှိုတောက်ခြင်း၊ အဆိပ်သင့်ခြင်းမှ ကင်းဝေးစေရန်နှင့် အရသာပိုမိုပေါ်စေရန်တို့အတွက် ငရုတ်သီးစိမ်းနှင့် ကန်စွန်းရွက် အနည်းငယ်ထည့်ချက်ကြခြင်း ဖြစ်သည်။ မှိုကို အချဉ်တည်၍လည်းကောင်း၊ ဟင်းချို၊ အသုပ်၊ မှိုကင်၊ တို့ဟူးနှပ် စသည့် ဟင်းလျာများတွင်လည်းကောင်း၊ ပီဇာ၊ pasta (ပါစတာခေါက်ဆွဲ)၊ ချိစ်ဘာဂါ၊ အသားညှပ်ပေါင်မုန့်တို့တွင်လည်းကောင်း အရသာရှိရှိ စားသုံးနိုင်သည်။ ကြာဆံချက်၊ ဝက်စတူးနှင့် တရုတ်ဟင်းလျာ ပင်လယ်စာအမျိုးမျိုးတို့တွင်လည်း မှိုခြောက်ပါမှ အရသာပြီးပြည့်စုံမည် ဖြစ်သည်။

**ဘေးအန္တရာယ်ကင်းစွာဖြင့် စားကောင်းသည့်မှိုများ**

မြန်မာပြည်တွင် ငှက်စို့မှို၊ မှိုဖြူလေး (ခေါ်) ခြေတံရှည်မှို၊ ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ဖတ်ဆွတ်မှို၊ ဝါးမှို၊ စိုက်ပျိုးရေးမှို၊ မှိုကြက်တောင်၊ ငှက်ပျောမှို၊ တောင်ပို့မှို၊ ကြက်တူရွေးမှို၊ မှိုသားပိုက်၊ မှိုဆန်ကွဲ၊ မှိုကျောက်ခဲ၊ မှိုနီ၊ မှိုပြင်းတွဲ၊ မှိုဖြူ၊ မှိုအုန်းနက် (မှို၏ထိပ်တွင် အနက်ကွက်ကလေးပါရှိ၏) စသည်တို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသုံးနိုင်သည်။ မြက်ကြားမှို၊ သပြေမှို၊ မြေပဲမှို၊ ဝါးမှို၊ ကိုင်းမှို၊ အင်မှို၊ ဆင်ခြေသည်းမှိုနှင့် သရက်မှိုတို့သည်လည်း စားကောင်းသည့်မှိုများဖြစ်ကြပြီး ၎င်းတို့ကို မှိုခြောက် ပြုလုပ်လေ့ရှိသည်။ ငှက်စို့မှိုသည် အရသာအရှိဆုံးနှင့် ဈေးအကြီးဆုံးဖြစ်ပြီး ဖက်ဆွတ်မှိုသည် ဈေးအနိမ့်ဆုံးဖြစ်ကာ၊ မှိုဖြူ (ခေါ်) ခြေတံရှည်မှိုသည် အရသာအနူးညံ့ဆုံး ဖြစ်သည်။ ဟင်းသီးဟင်းရွက်နွယ်ဝင်တစ်မျိုးဖြစ်သော မှိုသည် အေး၍စိုစွတ်ကာ၊ အလင်းရောင်နည်းသော အနေအထားတွင် ကောင်းစွာရှင်သန်နိုင်ပြီး မိမိအိမ်တွင် အိတ် (သို့မဟုတ်) ဗူးသေတ္တာများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည်။ မှိုစိုက်ပျိုးမွေးမြူပြီးနောက် ပျမ်းမျှအားဖြင့် ၄ - ၆ ပတ် အကြာတွင် ခူးဆွတ်စားသုံးနိုင်သည်။

**ဘေးဖြစ်စေတတ်သော မှိုများ**

ကြက်ဆူမှို၊ သစ်ကြားမှို၊ သဲမှို၊ မှိုကွန်ခြာ၊ ခွေးလေးမှိုနှင့် နွားချေးမှိုတို့သည် လုံးဝမစားသင့်သော မှိုများဖြစ်ကြသည်။ ထို့ပြင် အချို့ မှိုများမှာ စားကောင်းသော မှိုဖြစ်သော်လည်း အဆိပ်သင့်စေသဖြင့် သေသေချာချာစူးစမ်းပြီးမှ ချက်စားသင့်သည်။

**မှိုနှင့် ကျန်းမာရေး**

မှိုသည် ဗီတာမင် B၊ ဗီတာမင် B-6၊ ဗီတာမင် D၊ ကော့ပါး၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ကစီဓာတ်၊ ပရိုတင်း၊ သီအာမင်၊ ရီဗိုဖလာဗင်၊ နီအာစင်း၊ ဖောလိပ်၊ ပန်တိုသနစ်အက်ဆစ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ မီးစုန်း၊ ဇင့်၊ ကော့ပါး၊ မဂ္ဂနီးစ်၊ စီလီယမ် စသည့် ဗီတာမင်နှင့် သတ္တုဓာတ်တို့စုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ထို့ပြင် ကယ်လိုရီပါဝင်မှု နည်းပါးသဖြင့် လူသားတို့ ကျန်းမာရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်သည်။

မှိုထဲတွင် ရေဓာတ်ပါဝင်မှု ၈၀ - ၉၀ ရာခိုင်နှုန်းနှင့် အမျှင်ဓာတ်ပါဝင်မှု ၈ - ၁၀ ရာခိုင်နှုန်းထိ ပါရှိသည်။ ထို့ပြင် အဆီနှင့် ကယ်လိုရီပါဝင်မှုအလွန်နည်းပါးကာ ကိုလက်စထရော လောင်ကျွမ်းစေနိုင်သဖြင့် ခန္ဓာကိုယ်ကြွက်သားများကို ကျစ်လစ်စေသည်။ ထို့ကြောင့် မှိုက ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများနှင့် သွေးတိုးရောဂါသည်များအတွက် အထူးသင့်တော်သည်။

မှိုထဲတွင်ပါရှိသော potassium ဓာတ်သည် ငှက်ပျောသီးနှင့် လိမ္မော်သီးတို့တွင် ပါဝင်မှုထက် ပိုမိုများပြားသဖြင့် လေဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

Baltimore ဆေးသုတေသနအဖွဲ့မှတ်တမ်းများအရ မှိုထဲတွင် ပါရှိသော selenium ဓာတ်တစ်မျိုးသည် အမျိုးသားများ ရာဂစိတ်တက်ကြွလာစေရန် နှိုးဆော်ပေးနိုင်စွမ်းရှိသည့်အပြင် အမျိုးသားများ၏ ဆီးကျိတ်(သုတ်ရည်ဂလင်း) ကင်ဆာဖြစ်ပေါ်လာမှုကို ၆၅ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ကြောင်း အကြံပြုထားသည်။

အမေရိကန်နိုင်ငံ ဆေးသုတေသီများ၏ အထောက်အထားများအရ "မှိုဖြူ (ခေါ်) white mushroom" သည် အမျိုးသမီးများ၏ ရင်သားကင်ဆာဆဲလ်များ တိုးပွားလာမှုနှင့် အဖုအကျိတ်တို့ကြီးထွားလာမှုကို တားဆီးပေးနိုင်သဖြင့် အမျိုးသမီးများ မှန်မှန်စားသုံးပေးသင့်ကြောင်း၊ သွေးဆုံးပြီး အမျိုးသမီးများအတွက်လည်း အထူးသင့်တော်ကြောင်း အကြံပြုထားသည်။

အနက်ရောင် ရှီတာကီမှို(Shiitake mushroom)သည် တုပ်ကွေး၊ ရာသီအဖျားအမျိုးမျိုးနှင့် အအေးမိခြင်းတို့ကို ကာကွယ်ပေးပြီး ကိုယ်ခံစွမ်းအားကိုလည်း မြှင့်တင်ပေးသောကြောင့် ဆေးဖက်ဝင်မှိုအဖြစ် တရုတ်နှင့် ဂျပန်တို့တွင် အထူးရေပန်းစားလျက်ရှိသည်။

အသည်းနှင့် ပန်ကရိယ(ခေါ်)မုန့်ချိုအိတ်တို့ကို ဘေးဥပဒ်မရှိစေဘဲ ကောင်းကျိုးပြုသည်။

မှိုထဲတွင် calcium ကြွယ်ဝစွာပါရှိသောကြောင့် အရိုးကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသည်။

ဆီးချိုရောဂါ ဝေဒနာသည်များအတွက် အထူးသင့်တော်သည်။

တိရစ္ဆာန်ထွက် ပစ္စည်းများတွင်သာပါရှိပြီး ဟင်းသီးဟင်းရွက်များတွင်တွေ့ရခဲသော selenium ဓာတ်သည် မှိုထဲတွင် အလုံအလောက်ပါရှိသောကြောင့် သွား၊ ခြေသည်း၊ လက်သည်းနှင့် ဆံပင်များကို ကျန်းမာသန်စွမ်းစေနိုင်သည်။

ကိုယ်အရေပြား ကျန်းမာရေးကိုလည်း ကောင်းကျိုးပြုသည်။

စိတ်ဖိစီးမှုကို ပြေပျောက်စေပြီး မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက်ကောင်းမွန်စေသည်။

ဝါးရုံနက်ကြ (သို့မဟုတ်) ကြခတ်ဝါးရုံ၏ ပင်ခြေမှပေါက်သော ပန်းရင့်ရောင်မှိုများကို ဖွဲ့ယူပြီး ရေးစင်စွာဆေး၍ ထန်းလျက် (သို့မဟုတ်) ပျားရည်ဖြင့် သေးငယ်သောအလုံးလေးများပြုလုပ်ပြီး ကလေးငယ်များကို ကျွေးပါက ဝမ်းတွင်းရှိ သန်လုံး၊ သန်ပြားနှင့် တုတ်ကောင်များ နောက်တစ်နေ့ဝမ်းသွားသောအခါ အထွေးလိုက်ကျဆင်းနိုင်သည်။

ဝါးမှိုဆိုရာတွင် ကြခတ်ဝါးမှိုက ပို၍ ဆေးဖက်ဝင်သည်။

ဇီဟုသုတတစ်ခုအဖြစ် မျှဝေရပါလျှင် ဂျပန်နိုင်ငံ University of Texas မှ ပရော်ဖက်ဆာဖြစ်သူ Judith Smith သည် ရှီတာကီမှို (Shiitake mushroom) မှ ထုတ်လုပ်ထားသော အဆီကို ဓါတ်ခွဲလေ့လာကြည့်ရာ သားအိမ်ခေါင်းကင်ဆာကိုဖြစ်စေသော Human Papilloma Virus(HPV)သေစေနိုင်သည်ကို တွေ့ရှိခဲ့သည်။ ၎င်းမှိုမှာ အမိနိုအက်ဆစ်၊ ပိုလီဆပ်ကရိုက် (Polysaccharide) နှင့် ဓာတ်သတ္တုများစွာပါဝင်သော Active Hexose Correlated Compound (AHCC)မြောက်မြားစွာပါရှိနေပြီး ထို AHCC က ဆဲလ်အရေအတွက်ကို ပွားများစေခြင်းဖြင့် ကိုယ်ခံအားစနစ်ကို အားတိုးမြှင့်ပေးနိုင်သည်။ ထို့ကြောင့် အကျိတ်ဖုတွေကြီးထွားမှုကို ရပ်တန့်စေသည်။ စမ်းသပ်မှုအရ HPV ဗိုင်းရပ်စ်ရှိနေသည့် အမျိုးသမီး ဆယ်ဦးကို ၎င်းမှိုအဆီဖြင့် တစ်နေ့တစ်ကြိမ်နှုန်းဖြင့် ၆ လကြာ ကုသပေးခဲ့ရာ ဝေဒနာရှင် ရှစ်ဦး ဗိုင်းရပ်စ်ပျောက်သွားကြောင်း တွေ့ရသည်။ လေ့လာစမ်းစစ်မှုများအရ အမျိုးသမီး ၄ ပုံ ၃ ပုံမှာ HPV ဗိုင်းရပ်စ်ရှိနေတတ်ပြီး ၎င်းဗိုင်းရပ်စ်က သားအိမ်ခေါင်း၊ လည်ချောင်း၊ စအို၊ ပါးစပ်နှင့် ယောက်ျားအင်္ဂါအတွင်းနံရံတွေမှာ ပိုးဝင်စေသည်။ အမျိုးသားထံသို့ ကာမစပ်ယှက်ရာမှတစ်ဆင့် ကူးစက်တတ်ပြီး ၎င်းအက်ဖက်ရှင်မှတစ်ဆင့် ကင်ဆာဖြစ်တတ်သည်။ ထို့ကြောင့် ဖော်ပြပါရောဂါတွေအတွက် ရှီတာကီမှို (Shiitake mushroom)က လွန်စွာဆေးဖက်ဝင်လှသည်။

**အဆိပ်အတောက် ရှိ၊ မရှိ စမ်းသပ်နည်း**

ဟင်းသီးဟင်းရွက်နွယ်ဝင်မှိုသည် လူသားတို့ကျန်းမာရေးကို အထက်ပါအတိုင်း များစွာအထောက်အကူပြုပေးနိုင်သော်လည်း ပတ်ဝန်းကျင်တွင် မိမိတို့မသိနားမလည်နိုင်သည့် သဘာဝအလေ့ကျပေါက်မှိုအမျိုးစုံလင်လှသည်။ အဆိပ်အတောက်ရှိသော မှိုကို စားသုံးမိပါက ချွေးထွက်ခြင်း၊ ခေါင်းမူးခြင်း၊ ဆီးချုပ်ခြင်း၊ တံတွေးထွက်ခြင်း၊ တုန်ယင်လာခြင်း၊ ဗိုက်အောင့်ခြင်း၊ ပို့အန်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ဝမ်းလျှောခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်း၊ coma (ခေါ်) နာတာရှည်မေ့မြောခြင်းစသည့် အစာအဆိပ်သင့်လက္ခဏာတို့အပြင် အခန့်မသင့်ပါက အသက်ကိုပါ ဆုံးရှုံးစေနိုင်သည်။ ထို့ကြောင့် မိမိရွေးချယ်သောမှိုသည် အမှန်တကယ် စားသင့်သောမှိုသာ ဖြစ်ရမည်။ ရွေးချယ်ဝယ်ယူမှု မမှားစေရန်အတွက် အဆိပ်အတောက်ရှိ၍ မစားကောင်းသောမှိုကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ရပါသည်။

မှိုကိုချိုး၍ လျှာဖြင့် တို့ကြည့်ပါက အလွန်ပူပြီး ငရုတ်မီးနံ့ထွက်နေလျှင် မစားသင့်ပေ။

မှိုကိုချိုးလိုက်ပါက အလွန်ဖြူ၍ပျစ်သော နွားနို့နှင့်တူသော အစေးများထွက်လာလျှင် မစားသင့်ပေ။

မှိုပေါ်တွင် ဆားအနည်းငယ် ဖြူးကြည့်ခြင်း၊ ဆားရည်တွင် စိမ်ကြည့်ခြင်းဖြင့် ညို၊ ပြာ၊ နက် အရောင်များဖြစ်ခဲ့သော် ထိုမှိုကို မစားသင့်ပေ။

မှို၏အရိုးတံကို လက်ဖြင့်ချေကြည့်ခြင်းဖြင့် ကြေမွသွားသော် ထိုမှိုကို မစားသင့်ပေ။

မှိုတစ်ပွင့်လုံးကို လက်နှင့်ချေကြည့်ခြင်းဖြင့် အနီရောင်အရည်များ ထွက်လာသော် မစားသင့်ပေ။

မှို၏အရိုးကို ဓားနှင့်ဖြတ်ကြည့်ပြီးနောက် ၎င်းဖြတ်စသည် ညို၊ ပြာ အရောင်ပြောင်းသွားသော် မစားသင့်ပေ။

အဝါရောင်၊ အနီရောင်၊ အပြာရောင် စသည့် တောက်ပြောင်ထင်ရှားသော အရောင်များရှိသည့် မှိုကို မစားသင့်ပေ။

အစိမ်းရောင်သမ်းနေလျှင် ထိုမှိုကို မစားသင့်ပေ။

ပန်းရောင်ရှိသော အမှုန်ပါရှိသည့် မှိုကို မစားသင့်ပေ။

မှိုခြေကျင်းနှင့်မှိုခွက် နှစ်ခုစလုံးပါပြီး အဖြူရောင်ပါးဟက်မျိုးပါတတ်သည့် မှိုကို မစားသင့်ပေ။

ပိုးမွှားကျရောက်နေသော မှိုကိုလည်း မစားသင့်ပေ။

သဲမြေတွင် သိပ်မဝင်သော (သို့မဟုတ်) မြေမျက်နှာပြင်ပေါ်တွင်ရှိသော အပွင့်သေးသည့် မှိုများကို မစားသင့်ပေ။

လွန်စွာလင်းရိပ်ကျပြီး မည်းမှောင်သောနေရာတွင် ပေါက်သည့် မှိုများကို မစားသင့်ပေ။

အရွယ်မရောက်သေးသည့် မှိုလုံးကလေးများသည် မှိုအင်္ဂါရပ်များကို အပြည့်အစုံမဖော်ပြနိုင်သေးသဖြင့် စားသင့်၊ မစားသင့်ကို ခွဲခြားရန် ခက်လှ၍ ထိုမှိုကို မစားသင့်ပေ။

အချို့သော မှိုများသည် တစ်ဦးကို အဆိပ်မဖြစ်သော်လည်း အခြားတစ်ဦးကိုမူ အဆိပ်ဖြစ်စေတတ်သဖြင့် မိမိစားနေကျ မှိုမျိုးမဟုတ်လျှင် လုံးဝမစားခြင်းသည် အကောင်းဆုံးဖြစ်သည်။

**မှိုနှင့်ရောစပ်၍ မစားကောင်းသော အစာများ**

ကြက်ဟင်းခါးသီး၊ ကြက်ဥ၊ ခံသီး၊ ငှက်ပျောသီး၊ နို့အမျိုးမျိုး၊ ဖောင်စီးကဏန်း၊ ယုန်သား စသည်တို့ကို မှိုဖြင့်ရော၍ ချက်ပြုတ်မစားသင့်ပေ။

**မှိုဆိပ်ဖြေနည်း**

မှိုဆိပ်တက်၍ တောက်ခဲ့လျှင် ထန်းလျက်စားပေးပါ။သံပုရာရည်လျက်ပေးပါ။ မှိုနတိုရွက်စိမ်းရည်သောက်ပါ။ မရိုး (ခေါ်) ဖြူကြီးအခေါက် တစ်မတ်သားခန့်သွေး၍ သောက်ပါ။ ကျီးအာမြစ်ကို ဆားနှင့်သွေး၍ လျှာကိုပွတ်ပေးပါ။ ထိုအခါ အစာများပြန်၍ အန်ထွက်ကျလာမည်ဖြစ်သည်။ ထို့ပြင် ထန်းလျက်ပြုတ်ရည် ပူပူနွေးနွေးသောက်ပေးပါကလည်း မှိုတောက်ခြင်း အဆိပ်ဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။

**သတိပြုရန်**

မီးဖွားပြီးစ အမျိုးသမီးများ မှိုတစ်နှစ်၊ မျှစ်သုံးလ မစားသင့်ကြောင်း ရှေးလူကြီးများက ပြောလေ့ရှိသည်။ ခြေအေး၍ အထက်သို့ အခိုးတက်ပြီးဖြစ်တတ်သော နှာပိတ်၊ နှာမွှန်ရောဂါ၊ နား၊ မျက်စိ၊ ခေါင်းကိုက်ရောဂါ၊ ခေါင်းဦးရေကျိန်းသောရောဂါရှိသူများ မှိုကို လုံးဝမစားသင့်ပေ။ မည်သည့်မှိုကိုဖြစ်စေ သံထည်ပစ္စည်းများ လုံးဝမထိရန် သတိပြုရမည်။

"မှို" ဟုဆိုလိုက်သည်နှင့် မြန်မာလူမျိုး တော်တော်များများ နှစ်ခြိုက်စွာစားသုံးလိုကြသည်။ သို့သော် မစားသင့် မစားအပ်သော မှိုကို ရွေးချယ်တတ်ဖို့လိုပါသည်။ မိုးဦးကာလတွင်ပေါက်သော မှိုများကို သေချာမစစ်ဆေးဘဲစားမိ၍ သေဆုံးမှုဖြစ်ရပ်များသည် ရှမ်း၊ ကချင်နှင့် ရခိုင်ပြည်နယ်ရှိ ဝေးလံခေါင်ဖျားသောဒေသများတွင် မကြာခဏ ကြားနေရသည်။ အထူးသဖြင့် ဒေသခံပြည်သူများတွင် ကျန်းမာရေး အသိပညာများစွာ ချို့တဲ့ကြပြီး မှိုပေါပေါများများ ရနိုင်သည့် မိုးဦးကာလတွင် အာသာငမ်းငမ်း စားမိတတ်ကြသည်။ သို့ပါ၍ မှိုအဆိပ်သင့်အန္တရာယ်အကြောင်းကို သတိရှိကြစေလိုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

တင်ထက်ထက်ဇော်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Inside Out 2 တစ်သက်တာ ဝင်ငွေအမြင့်ဆုံး မှတ်တမ်းဝင်

၂၀၂၄ ခုနှစ်၏ ဝင်ငွေအကောင်းဆုံးရုပ်ရှင်သစ်ဖြစ်ခဲ့သည့် Inside Out 2 မှာ တစ်သက်တာ ဝင်ငွေအမြင့်ဆုံးရုပ်ရှင်အဖြစ် ထပ်မံမှတ်တမ်းဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဇွန် ၁၄ ရက်မှ စတင်ပြသခဲ့ရာ Disney နှင့် Pixar တို့၏ animated ရုပ်ရှင်သစ်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ရုံတင်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၁ ဘီလီယံကျော် အထိ ရရှိထားသည်။

အမေရိကန်ဒေါ်လာ ၂၀၀ အထိ ဘတ်ဂျက်အသုံးပြုထားပြီး ဝင်ငွေအရသာမက ဝေဖန်ရေးသမားများကြားတွင် ရလဒ်ကောင်း ရခဲ့ကာ ၂၀၁၅ ရုပ်ရှင် Inside Out ၏ နောက်ဆက်တွဲဇာတ်လမ်းဖြစ်သည်။

ယင်းရုပ်ရှင်တွင် လူငယ်လေးတစ်ဦး၏ စိတ်ခံစားချက်အတက်အကျ အပြောင်းအလဲကို ရိုက်ကူးတင်ပြထားခြင်းဖြစ်ရာ ပရိသတ်ကြား ရေပန်းစားခဲ့သည်။ (SKY)




## အော်စကာဆုရမင်းသမီး Helly Berry အပါအဝင် အနုပညာရှင်များ အိုလံပစ်မီးရှူးတိုင် ကိုင်ခွင့်ရ



ကမ္ဘာကျော်အနုပညာရှင်များကို အိုလံပစ်မီးရှူးတိုင် ကိုင်ခွင့်ရရန်အတွက် ရွေးချယ်ရာတွင် ကိုယ်ပိုင်ကိုယ်စားပြုသည့် စွန့်စားခန်းကိုယ်စီနှင့်သူများကို အလွှာလေးလွှာနှင့် ရွေးချယ်ထားရာ အော်စကာဆုရမင်းသမီး ဟယ်လီဘာရီလည်း ၂၀၂၄ခုနှစ် အိုလံပစ်မီးရှူးတိုင်ကိုင်ရန် ရွေးချယ်ထားသည်။

ရွေးချယ်ရာတွင် စံသတ်မှတ်ချက်အလွှာလေးလွှာ၌ အားကစားနှင့် ကိုယ်စားပြုကျင်လည်၍ နယ်ပယ်အကျိုးစွမ်းဆောင်နိုင်သူ၊ အဓိပ္ပာယ်တန်ဖိုးရှိ စီမံကိန်းအား ကစားနယ်ပယ်တွင်ပါဝင်သူ၊ နယ်ပယ်တစ်ခုခုတွင် လွှမ်းမိုးနိုင်သူ၊ အိုလံပစ်ပွဲတော်၏ဆောင်ပုဒ်ကို ပုံဖော်ကိုယ်စားပြုနိုင်သူများကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အရွေးချယ်ခံရသူများစာရင်းတွင် မိုဟာမက်အလီအန်ခရ၊ မက်ဂစ်ဂျက်ဆင်၊ ဒယ်နီဆောရာ၊ လာနက်ဘေ့စ်၊ ဆေဗက်တာ စတောလုန်း၊ ရမ်စီကာရက်၊ ဒေးဗစ်ဘက်ခမ်း၊ ဂျွန်လာဂျင့်၊ ပရင့်စ်ဝီလျံ၊ ကိတ်မက်ဒီဆင်၊ ပရင့်စ်ဟယ်ရီတို့ ပါဝင်ပြီး ၂၀၂၄ ခုနှစ်တွင်လည်း နိုင်ငံတကာ စံမီသူများစွာ ပါဝင်ကြသည်။(SKY)

## V @ Kim Tae Yung ၏ Layover အယ်လ်ဘမ် US တွင် ရောင်းအားအမြင့်ဆုံးရရှိထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်)ကင်ထယ်ယောင်း၏ Layover မှာ ပထမဆုံးသော ဂျပ်ဇ် Jass Influence R & B အယ်လ်ဘမ်ဖြစ်ပြီး အမေရိကန်တွင် သီချင်းအားလုံး 100 K ကျော် ရောင်းအားမြင့်မားခဲ့သည့် အာရှတစ်ကိုယ်တော်အယ်လ်ဘမ်ဖြစ်ခဲ့သည်။

အဆိုပါဂီတအယ်လ်ဘမ်ကို အမေရိကန်တွင် အရောင်းမြှင့်တင်မှု ပြုလုပ်ထားခြင်းမရှိ၊ သူ၏ ကုမ္ပဏီကလည်း ကူညီအားပေးမှုမရှိဘဲ အမေရိကန်တွင် တစ်ကိုယ်တော်အယ်လ်ဘမ်က သီချင်းအားလုံး အကြီးဆုံးဂီတဈေးကွက်ဖြစ်သည့် အမေရိကန်၌ ရောင်းအား အမြင့်ဆုံးဖြစ်ခဲ့သည်။

ဗွီ၏ Layover အယ်လ်ဘမ်မှ သီချင်းအားလုံး သန်း ၁၀၀ ကျော် ရောင်းအားမြင့်မားခဲ့ပြီး အာရှ၏ ပထမဆုံး အနုပညာရှင်အဖြစ် စာရင်းဝင်ခဲ့ခြင်းအပေါ် ပရိသတ်ဂုဏ်ယူနေကြကာ ဘီဘုတ်တွင်လည်း ရာဖွေမှု အမြင့်ဆုံးအနုပညာရှင် ဖြစ်ခဲ့သည်။ (SKY)



## Hyun Bin နှင့် Son Ye Jin တို့ ဒုတိယကလေး ရရှိ

တောင်ကိုရီးယားအနုပညာစုံတွဲ ဟွမ်ဘင်းနှင့် ဆွန်ရီဂျင်းတို့တွင် ဒုတိယရင်သွေးရရှိထားသည်ဟု တရားဝင်ထုတ်ပြန်ကြေညာထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟွမ်ဘင်းနှင့် ဆွန်ရီဂျင်းတို့ ၂၀၁၈ ခုနှစ်တွင် The Negotiation နှင့် ၂၀၂၀ ပြည့်နှစ်တွင် Crash Leading On You တို့ ရိုက်ကူးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် လက်ထပ်ကာ သားလေးတစ်ဦး မွေးဖွားထားရာမှ ၂၀၂၄ ခုနှစ်တွင် ဒုတိယရင်သွေးလေး ရရှိခဲ့သည်။

ဇူလိုင်လဆန်းတွင် ကျင်းပခဲ့သည့် 28 th Buche on International Fantastic Film ပွဲတွင် ပရိသတ်တစ်ဦးက ဆွန်ရီဂျင်းကို ဟွမ်ဘင်းနှင့် လက်ထပ်သည့်အကြောင်း မေးမြန်းခဲ့သည်။

ဆွန်ရီဂျင်းက ဆန်းသစ်သော မေးခွန်းကို ဖြေဆိုခဲ့ရာ ဟွမ်ဘင်း၏ ပင်ကိုယ်စရိုက်ကို သဘောကျခဲ့ပြီး လူကြီးလူကောင်းတစ်ဦးဖြောင့်မတ်၍ ဆင်ခြင်တုံတရားရှိကာ ရိုးသားသည့်စိတ်ကို နှစ်သက်ခဲ့ပြီး တည်ငြိမ်၍ အရပ်ရှည်ကာ ခံ့ညားသောရုပ်ရည်နှင့် ဘဝအတွက် ယုံကြည်စိတ်ချမှု အပြည့်ရှိ၍ဟု ဖြေကြားသွားခဲ့သည်။ (SKY)






## ကလေးများအား စိတ်ပြောင်းလဲစေသောဆေးပေးလျှင် အရွယ်ရောက်လာချိန်၌ စိတ်ကျန်းမာရေးထိခိုက်စေနိုင်

ရုပ်ပိုင်းရောစိတ်ပိုင်းပါ နုနယ်သေးသော ကလေးသူငယ်များအား စိတ်ကိုပြောင်းလဲစေသောဆေးပေးလျှင် ၎င်းတို့ အရွယ်ရောက်လာချိန်၌ စိတ်ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း ဆေးဝါးနှင့် ကုထုံးစာစောင် ခေါင်းကြီးပိုင်းတွင် ဖော်ပြသည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၂၂ခုနှစ်အတွင်း အသက် ၁၂နှစ်မှ ၁၇ နှစ်အရွယ် ကလေးသူငယ်များအပေါ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံမှ ဆေးဖက်ဆိုင်ရာသုတေသီများ လက်တွေ့သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ စိတ်ကျရောဂါသက်သာစေသည့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများသည် ကလေးသူငယ်များကိုသာမက လူငယ်လူရွယ်များကိုပါ ရေရှည်တွင် စိတ်ကျန်းမာရေး ယိုယွင်းထိခိုက်လာစေနိုင်ကြောင်းဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ထိုတွေ့ရှိချက်အပေါ်အခြေခံ၍ အဆိုပါစာစောင်၏ ခေါင်းကြီးပိုင်းတွင် သတိပေးထားခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## The Tyrant ကို Disney Plus Korea က ထုတ်မည်

ဒါရိုက်တာ ပတ်ဟူဂျောင်း ရိုက်ကူးထားသည့် The Tyrant ကို Disney Plus Korea ၏ နောက်ထပ် ခြေလှမ်းသစ်အဖြစ် မြင်တွေ့ရသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားအနုပညာဈေးကွက်ထဲ နေရာယူလာကာ Moving နှင့် A Shop For Killer တို့ အောင်မြင်လာခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် စတင်ထုတ်လွှင့်မည်ဖြစ်ပြီး စုစုပေါင်း အပိုင်းလေးပိုင်းသာပါ၍ ဒုတိယပိုင်းလာမည်ဟု ထင်ကြေးပေးထားကြသည်။

အဆိုပါဇာတ်လမ်းတွင် တောင်ကိုရီးယားအစိုးရသည် ကမ္ဘာ့အလယ်တွင် အင်အားကြီးနိုင်ငံတစ်ခုဖြစ်ရန် အလွန်တော်သော သိပ္ပံပညာရှင်များနှင့် ဗိုင်းရပ်စ်တစ်ခုကို လျှို့ဝှက်စွာ စမ်းသပ်နေရာမှ အမေရိကန်အစိုးရသိသွား၍ အထူးတပ်ဖွဲ့ စေလွှတ်ခဲ့ရာမှ လက်လွှဲပေးလိုက်ရပြီး အနိုးခံလိုက်ရ၍ ပြဿနာဖြေရှင်းကြပုံကို ရိုက်ကူးထားသည်။ (SKY)

## Lisa@ Lalisa က နယူးရော့ခ်မြို့တွင် ကျင်းပမည့် Global Citizen Festival 2024 တွင် ပါဝင်

လီဆာ(ခေါ်)လာလီဆာက နယူးရော့ခ်မြို့တွင် ကျင်းပမည့် Global Citizen Festival တွင် နာမည်ကြီး အနုပညာရှင်များနှင့်အတူ ပါဝင်မည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲကြီးကို စက်တင်ဘာ ၂၈ ရက် နယူးရော့ခ်မြို့ စင်ထရယ်ပန်းခြံတွင် ခမ်းနားစွာ ကျင်းပမည်ဖြစ်ရာ လီဆာ အပါအဝင် ပို့စ်မာလွန်၊ ဒိုဂျာကက်၊ ဂျယ်လီရိုးနှင့် ရော်အလီဂျန်ဒေါတို့ ထိပ်ဆုံးနေရာမှ ပါဝင်ကြမည်။

ယင်းပွဲကြီး၏ ဂီတပိုင်းနှင့် ဖျော်ဖြေရေးတာဝန်ရှိသူ ကက်သီဟေးက လီဆာသည် အံ့အားသင့်စရာကောင်းသည့် ဖျော်ဖြေသူဖြစ်ပြီး သူ၏ သန့်မာသည့် အသံနှင့် အင်အားကို အသုံးချ၍ ကမ္ဘာပေါ်တွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို မယုံနိုင်လောက်အောင် ပြောင်းမြောက်စေနိုင်မည့်သူဟု ညွှန်းဆိုထားသည်။

ကမ္ဘာ့ဆင်းရဲမွဲတေမှု ကာကွယ်ရေးအဖွဲ့အစည်းမှ စီစဉ်သည့်ပွဲဖြစ်ပြီး ဆင်းရဲမွဲတေမှုကို အနိုင်ယူရန် သာတူညီမျှမှုကို တောင်းဆိုရန် လီဆာက ပါဝင်ခဲ့ခြင်းဖြစ်သည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးသည်းထန်ရေကြီးမှုဖြစ်ပွားနေသည်ကို ခေါင်းဆောင်ကင်ဂျောင်အွန်း ဇူလိုင် ၂၉ ရက်က လိုက်လံကြည့်ရှုစစ်ဆေးနေစဉ်။ Mon

## စန်နီလုပ်ငန်းသုံးယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဘီလပ်မြေဖျော်စက်လျှပ်စစ်ကား တင်ပို့ရောင်းချ




**ပေကျင်း ဇူလိုင် ၃၀**

တရုတ်အခြေစိုက် စန်နီလုပ်ငန်းသုံးယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ဘီလပ်မြေဖျော်စက်လျှပ်စစ်ကားများ ပြည်ပသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း အီလက်ထရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံမှ ပန်ယူနိုက်တက်ကော်ပိုရေးရှင်းက စန်နီဘီလပ်မြေဖျော်စက်လျှပ်စစ်ကားများကို မှာယူတင်သွင်းထားပြီးဖြစ်ကြောင်း ဇူလိုင်လဆန်းပိုင်းကတည်းက သတင်းထုတ်ပြန်ခဲ့သည်။

လာမည့် ၂၀၅၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ ထိုလျှပ်စစ်ကားများကိုသာ အသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည်ဟု ပန်ယူနိုက်တက်ကော်ပိုရေးရှင်းအမှုဆောင်အရာရှိချုပ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## ဗြိတိန်နိုင်ငံ အင်္ဂလန်မြောက်ပိုင်း ဆောက်သ်ပို့စ်မြို့၌ ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား ကလေးနှစ်ဦး သေဆုံး

**လန်ဒန် ဇူလိုင် ၃၀**

ဗြိတိန်နိုင်ငံ အင်္ဂလန်မြောက်ပိုင်း ဆောက်သ်ပို့စ်မြို့၌ ဇူလိုင် ၂၉ ရက်က ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ ကလေးနှစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လီဗာပူးလ်မြို့အနီးရှိ ထိုမြို့၌ ဖွင့်လှစ်ထားသော အကသင်တန်းတွင် ယင်းဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ အဓိကသံသယရှိသူ အသက် ၁၇ နှစ်အရွယ် ယောကျာ်းလေးတစ်ဦးကို ဒေသခံရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

အကြမ်းဖက်မှုကို အခြေခံ၍ဖြစ်ပွားသော တိုက်ခိုက်မှုမဟုတ်သော်လည်း အဓိကသံသယရှိသူ ပြစ်မှုကျူးလွန်ရခြင်း၏ အကြောင်းရင်းကို မသိရသေးသဖြင့် စုံစမ်းနေဆဲဖြစ်ကြောင်း မာဆေးဆိုက်ရဲတပ်ဖွဲ့မှ ရဲမှူးဆေရေနောက်နေဒီက ထုတ်ဖော်ပြောကြားသည်။



အခင်းဖြစ်ပွားမှုသတင်းကို ကြားလျှင်ကြားချင်းပင် တစ်နိုင်ငံလုံးကို အထိတ်တလန့်ဖြစ်စေသော တိုက်ခိုက်မှုဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာက သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

ဒဏ်ရာရသူများအနက် ကလေးလေးဦးနှင့် လူကြီးနှစ်ဦး အသက်အန္တရာယ်စိုးရိမ်နေရကြောင်း သိရသည်။

Mon

## အက်ဖ်ဘီအိုင်က တွေ့ဆုံမေးမြန်းမည်ကို သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်သဘောတူ

**ဝါရှင်တန် ဇူလိုင် ၃၀**

သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရခြင်းမှ လွတ်မြောက်လာသော ကိစ္စနှင့်ပတ်သက်၍ အက်ဖ်ဘီအိုင်က တွေ့ဆုံမေးမြန်းမည်ကို အမေရိကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ဘက်မှ သဘောတူလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

၎င်းကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသော သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်၍ ၎င်းဘက်မှ မည်သို့ရှုမြင်သုံးသပ်ကြောင်း သိလိုသဖြင့် မိမိတို့ဌာနက တွေ့ဆုံမေးမြန်းရန် စီစဉ်ခြင်းဖြစ်ကြောင်း ပစ္စဘတ်ကွင်းဆင်းထောက်လှမ်းရေးအရာရှိ ကယ်ဗင်ရိုဂျက်က ရှင်းလင်းပြောကြားသည်။

အသက်၂၀အရွယ် သောမတ်စ်မက်သယူခရွတ်စ် ကျူးလွန်ခဲ့သော သေနတ်ပစ်ခတ်မှုကို အက်ဖ်ဘီအိုင်က ပြည်တွင်းအကြမ်းဖက်မှု၊ လုပ်ကြံသတ်ဖြတ်ရန် အားထုတ်မှုအဖြစ် ဆက်လက်စုံစမ်းစစ်ဆေးနေသည်။



သို့ရာတွင် ပစ်ခတ်သူဘက်ကို ပြစ်မှုကျူးလွန်အောင် စေ့ဆော်သောအကြောင်းရင်းကို ယင်းအဖွဲ့အနေဖြင့် ယခုအထိ ရှာမတွေ့သေးကြောင်း သိရသည်။

Mon

## သီရိလင်္ကာသမ္မတ ရာနီးလ်ဝီကရေမေဆင်ဂေ နောက်တစ်ကြိမ်ရွေးကောက်ခံရန် ထောက်ခံမှုမရ

**ကိုလံဘို ဇူလိုင် ၃၀**

သီရိလင်္ကာသမ္မတ ရာနီးလ်ဝီကရေမေဆင်ဂေအနေဖြင့် နိုင်ငံရေးသက်တမ်းသစ်အတွက် နောက်တစ်ကြိမ်ရွေးကောက်ခံရန် ပါတီ၏ထောက်ခံမှုမရခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



သမ္မတရွေးကောက်ပွဲဝင်ရန် ၎င်းဘက်က လိုလားသော်လည်း ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာတွင် အင်အားအကြီးဆုံးအက်စ်အယ်လ်ပီပီပါတီ၏ ကိုယ်စားပြုအမတ်အများစုက လက်မခံဘဲ ပယ်ချခဲ့သည်။

ထိုပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ပါတီကိုယ်စားပြုသမ္မတလောင်းကို မကြာမီရွေးချယ်ပြီး အနေးနှင့်အမြန် အမည်စာရင်းတင်သွင်းသွားမည်ဟု ထုတ်ပြန်ကြေညာသည်။

မည်သို့ပင်ဖြစ်စေ သမ္မတဟောင်း မဟင်ဒါရာဂျာပတ်ဆာတို့ညီအစ်ကိုအပေါ် မကျေနပ်သဖြင့် လူထုအုံကြွမှုဖြစ်ကာ ပရမ်းပတာဖြစ်နေသည့် တိုင်းပြည်အခြေအနေကို ငြိမ်သက်အောင် ပြန်လည်ထိန်းချုပ်ပေးခဲ့ရာမှ နိုင်ငံရေးပုံရိပ်ကောင်းခဲ့သော ရာနီးလ်ဝီကရေမေဆင်ဂေအနေဖြင့် တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိဦးမည်ဖြစ်ကြောင်း သိရသည်။

Mon

## ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်အတွင်း၌ ရေနံစိမ်းယိုစိမ့်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေး

**မနီလာ ဇူလိုင် ၃၀**

ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်အတွင်း၌ ရေနံစိမ်းယိုစိမ့်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော ရေနံတင်သင်္ဘောနစ်မြုပ်မှုကြောင့် ကနဦးယိုစိမ့်ထွက်လာသည့် ရေနံစိမ်းများ ဇူလိုင် ၂၉ ရက်တွင် မနီလာပင်လယ်အော်ထဲရှိ တံငါရွာရှိရာ ကမ်းခြေဘက်သို့ ရောက်ရှိလာပြီဟု ဆိုသည်။

ကမ်းပေါ်မှပင် ရေနံစိမ်းအနံ့များရနေကြောင်း ဖိလစ်ပိုင်တံငါသည်များက ထုတ်ဖော်ပြောကြားသည်။



နစ်မြုပ်သွားသည့် ထိုရေနံတင်သင်္ဘောမှ ရေနံများစိမ့်ထွက်မလာအောင် ယိုပေါက်များကို ပိတ်ထားပြီးဖြစ်သည်ဟု ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အတည်ပြုထားသည်။

ကမ်းစပ်သို့ရောက်လာသော ရေနံများကြောင့် ငါးနှင့်အခြားရေသတ္တဝါများ သေကျေပျက်စီးလျှင် တံငါရွာအတွက် များစွာထိခိုက်နစ်နာမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## ဗီယက်နမ်နိုင်ငံ ချမ်နင်းပြည်နယ်တွင် ကျောက်မီးသွေးတွင်း ပြိုကျ လူ ၅ ဦး သေဆုံး

**ဟန်နွိုင်း ဇူလိုင် ၃၀**

ဗီယက်နမ်နိုင်ငံ ချမ်နင်းပြည်နယ်တွင် ဇူလိုင် ၂၉ရက်က ကျောက်မီးသွေးတွင်းပြိုကျမှုဖြစ်ပွားရာ လူ ၅ ဦး သေဆုံးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံ၏ အကြီးဆုံးကျောက်မီးသွေးတွင်း တစ်နေရာ၌ ယင်းမြေပြိုမှုဖြစ်ပွားခဲ့ပြီး သေဆုံးသည့် တွင်းလုပ်သားများမှာ အသက် ၂၃ နှစ်နှင့် ၄၇ နှစ်အကြား အသက်အရွယ်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရသတင်းမီဒီယာများတွင် ဖော်ပြသည်။

တွင်းပြိုမှုဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ပြည်နယ်ကော်မတီက ထုတ်ပြန်ကြေညာသည်။

လွန်ခဲ့သော ဧပြီလက ဗီယက်နမ်နိုင်ငံတွင် ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ တွင်းလုပ်သားလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon



## လူကုန်ကူးမှုအန္တရာယ်တားဆီးရေး ပညာပေးဟောပြောပွဲ ကျင်းပ

**တာလေ ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် တာချီလိတ်မြို့ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုအန္တရာယ်တားဆီးရေး ပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အ·ထ·က (တာလေ)ရှိ ချယ်ရီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်မြို့ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်သန်းနိုင်က တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်းစသည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရဲအုပ်ကျော်မင်းနိုင်ကလည်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ဥပဒေပုဒ်မပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေများ၊ လူကုန်ကူးခံရသူတို့တွေ့ကြုံရသည့် အခက်အခဲဒုက္ခများ၊ လူကုန်ကူးမှုကျူးလွန်ကြံစည်သူတို့၏ ဖြားယောင်းသွေးဆောင်ရာတွင် အသုံးပြုသည့် နည်းပရိယာယ်များ အကြောင်းစသည့်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။




ထိုဟောပြောပွဲသို့ အ·ထ·က (တာလေ)ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၁၇၃ဦး တို့ တက် ရောက်ခဲ့သည်။ (ဝဲပုံ)

ယင်းနောက် ဟောပြောပွဲ အပြီးတွင် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နေအိမ်ခြံဝန်းအတွင်း တဲအိမ်မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇူလိုင် ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၂ လမ်းနှင့် ၃၃လမ်းကြားနှင့် ၅၂ လမ်းနှင့် ၅၃လမ်းကြားရှိ နေအိမ်ခြံဝန်းအတွင်းတွင် (၁၃)ပေပတ်လည် တဲနေအိမ်တစ်လုံးမီးလောင်မှု ဇူလိုင် ၂၉ရက် ည ၇ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ချမ်းအေးသာစံမြို့နယ် မီးသတ်စခန်းမှ ဒုတိယ မီးသတ်ဦးစီးမှူးဦးသိန်းထွန်းဦး ဦးစီး၍ သနေ္တ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ဦးသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး မီးလောင်သည့်အကြောင်းအရင်း၊ ဆုံးရှုံးမှုများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)(၀၅၇)

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စစ်ကိုင်းမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက် ၈နာရီခွဲတွင် သက်သေများနှင့်အတူ စစ်ကိုင်းမြို့၊ တစ်ကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ ကသာမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အောင်ညွန့် တင်ဆောင်လာသည့် ပစ္စည်းများအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၃၇ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ညွန့် ၆၁ နှစ်အား စစ်ကိုင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အောင်မြေသာစံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်တွင် အမျိုးသမီးတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်ဖမ်းမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ရက်၊ ည ၇ နာရီက မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ သီရိမာလာအရှေ့ရပ်ကွက် ကားဂိတ်တွင် ပလတ်စတစ်ထိုင်ခုံများ လာရောက်ပို့သူ ဒေါ်ညိုညိုအား စစ်ဆေးရာမှ ဘိန်းဖြူမှုန့်အလေးချိန် ၁ ဒသမ ၈၇၂ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၇၀ ပြား သိမ်းဆည်းရမိသဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဒေါ်ညိုညို ၅၀ နှစ်(ကျဘမ်း)အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များစစ်ဆေးလျက်ရှိသည်။

(အောက်ပုံ)(၀၅၇)





## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ နောင်နွန်း(အာခါ)ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်စွာလင်းအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား၂၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်စွာလင်း ၄၂နှစ်အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စစ်ကိုင်းမြို့ ရှာထောင်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရှာထောင်ရပ်ကွက်၊ အောင်သာယာရပ်တွင် ဇူလိုင် ၂၈ရက် ည ၇နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် စစ်ကိုင်းခရိုင် မီးသတ်ဦးစီးမှူးရုံး မှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ စစ်ကိုင်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ စိန်ကုန်းအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သုခကာရီ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီး၊ သနေ္တမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ည ၇ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(၀၄၅)



## ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)တွင် မီးလောင်မှုဖြစ်ပွား

**ပြင်ဦးလွင် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ချယ်ရီလမ်းရှိ ဆိုဖာဆက်တီနှင့် KTVအခန်းအလှဆင်၊ ကားအမိုးကူရှင်ချုပ်လုပ်ငန်းတွင် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင် မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဆန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ သနေ္တမီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သနေ္တမီးသတ်တပ်ဖွဲ့ဝင် ၉ဦးနှင့်ရပ်ကွက်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ထွက်ခွာငြိမ်းသတ်ရာ ညနေ ၃ နာရီ ၅၇မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၄နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(၀၄၅)

# ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ ဇူလိုင် ၂၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လက်နက်ကြီးပစ်ခတ်မှုများမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် ကုက္ကိုခွကျေးရွာအုပ်စု အနီး ဝန်းကျင်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း သိရသည်။

**လုပ်ကြံရေးသားဝါဒဖြန့်ဝေ**

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင်အဓမ္မငွေကြေးကောက်ခံခြင်းနှင့် ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# ပရဟိတအဖွဲ့များ၏ အကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် အသိပေး

ရန်ကုန် ဇူလိုင် ၁၀

ပရဟိတအဖွဲ့များ၏ ပုံစံအကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် ပရဟိတ ဆရာတော်တစ်ပါးဖြစ်သည့် သာသနာ့နွယ်ဖောင်ဒေးရှင်းမှ ဆရာတော်က လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

ယခုအခါ လူလိမ်များက ဂိုဏ်းအသွင်ဖွဲ့စည်းလျက် ဆရာတော်များ၏ ပုံစံတူအကောင့်တု၊ Page အတုများ၊ ပရဟိတဦးဆောင်သူများ၏ ပုံစံတူ အကောင့်တု၊ Page အတုများ၊ ပရဟိတအသင်းအဖွဲ့များ၏ ပုံစံတူအကောင့်တု၊ Page အတုများ ဖွင့်ကာ ကလေးလူနာပုံများ၊ လူကြီးလူနာပုံများပြလျက် လိုက်လံအလှူခံနေခြင်းများ ရှိနေကြောင်း ဆရာတော်က မိန့်ကြားထားသည်။




လိမ်လည်သူများမှ ပေးပို့လာသည့် မက်ဆေ့ချ်အတု။

ယင်းကဲ့သို့ Online Shop ပုံစံတူအကောင့်တု၊ Page အတုများ ဖွင့်လှစ်လျက် ရလျှင်ရသလောက် အမျိုးမျိုးလိုက်လံလိမ်လည်နေကြသဖြင့် သေချာစွာ စိစစ်မေးမြန်းစုံစမ်းပြီးမှသာ အလှူငွေများ လွှဲအပ်လှူဒါန်းကြရန် အသိပေးထားသည်။

ထို့အပြင် အမျိုးသမီးတစ်ဦးကလည်းဆရာတော်၏ပို့စ်အောက်တွင် ငွေသားပမာဏမည်မျှဆုမဲငွေသားကံထူးသည့်အတွက် မက်ဆေ့ချ်ပေးပို့လာသော ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးရန် ဖုန်းနံပါတ်တစ်ခုမှ မကြာခဏ မက်ဆေ့ချ်ပေးပို့လျက်ရှိကြောင်း ဆိုသည်။

"တော်တော်လေး သတိထားနေရတယ်။ ဘာအထိမ်းအမှတ် အနေနဲ့ ဆုငွေပေါက်တာဆိုပြီး မက်ဆေ့ချ်ပို့လာတာ နှစ်ခါ သုံးခါရှိပြီ။ သူတို့ပို့လာတဲ့ ဆုငွေပေါက်တယ်ဆိုတဲ့ ပမာဏကလည်း မက်မောလောက်တဲ့ ပမာဏပဲ။ ဒါပေမယ့် လိမ်မှန်းသိတယ်။ သူတို့ကိုပြန်ပြီးတော့ ဆက်သွယ်ရင် KPay ကနေ ဘယ်လောက်ပို့ပေးပါ။ ဘယ်ကနေ ဘယ်လောက်ပို့ပေးပါဆိုပြီး လိမ်မှာ" ဟု ယင်းက ဆိုသည်။

MT

# ချမ်းအေးသာစံမြို့နယ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား

မန္တလေး ဇူလိုင် ၁၀

မန္တလေး ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၄လမ်းနှင့် ၃၃လမ်းထောင့်တွင် ဇူလိုင် ၂၈ရက် နံနက် ၈နာရီခန့်က တောင်မှ မြောက်သို့ မောင်းနှင်လာသော မစ်ဆူဘီရှီအမျိုးအစား 3M....... မီနီကတ်၆၆၀CC ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းပေါ်တက်ကျော်ပြီး နို့ထမင်းရောင်းချနေသူ မ····· အား တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဝ၄၅)



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Min Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်နေ မင်းစိုးအောင်(ခ)မင်းမင်းအား ည ၇ နာရီ မိနစ် ၄၀ တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

**လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဖော်ထုတ်အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဇမ္ဗူရစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့် ငွေများလုယူခဲ့သည့်တရားခံများအား ပြစ်ဒဏ်များချမှတ်

ရန်ကုန် ဇူလိုင် ၁၀

ဇမ္ဗူရစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့်ငွေများ လုယူခဲ့သည့် တရားခံများအား ယနေ့တွင်ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်တရားရုံးမှ သိရသည်။

**ဖမ်းဆီးခေါ်ဆောင်သွားခဲ့**

ဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲတွင် ဦးမင်းဇော်ဦးနှင့်သားဖြစ်သူတို့က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေးရှိ ဇမ္ဗူရစ်ရွှေဆိုင်ကိုပိတ်ပြီး နေအိမ်သို့ ဈေးကြီးလမ်းအတိုင်း လမ်းလျှောက်ပြန်လာရာ ရေတွင်းကုန်း(၂) လမ်းသွယ်ထိပ်အရောက်တွင် ကားတစ်စီးပေါ်မှ ရဲဝတ်စုံများ ဝတ်ဆင်လာသော လူသုံးဦး ကားပေါ်မှဆင်းလာပြီး ဦးမင်းဇော်ဦး၏ခေါင်းကို ရိုက်နှက်၍ ဦးမင်းဇော်ဦးနှင့်အတူပါလာသော ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာခန့်၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၂၅၀ တို့နှင့်အတူ ကားပေါ်သို့ဆွဲတင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အောက်တိုဘာ ၉ ရက် နံနက်တွင် ရန်ကုန်-ပဲခူးကားလမ်းဘေး၊ ဇီးရိုးမိုင်အနီးတွင် ဦးမင်းဇော်ဦး၏ အလောင်းကို တွေ့ရှိသဖြင့် ရွှေထည်ပစ္စည်း၊ ငွေများအား လုယက်ယူဆောင်ပြီး လူကိုသေစေအောင် အထိ ပြုလုပ်ခဲ့သူ အမျိုးသား သုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၄ရက်တွင် အလုံခရိုင်တရားရုံးတွင် တရားစွဲလက်ခံစစ်ဆေးခဲ့သည်။

**အမိန့်ချမှတ်**

စစ်ဆေးပေါ်ပေါက်ချက်များအရ တရားခံ ဝိုင်းချစ်ကိုကို (ခ)ဖိုးသားလေး(ဘ)ဦးစန်းမြင့်၊ ကိုဖြိုး(ဘ)ဦးစံရှင်၊ ခိုင်ကိုမောင် (ဘ)ဦးစန်းမြင့် တို့အား ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီ၊ ရာဇသတ်ကြီး ပုဒ်မ၃၀၂(၁)(ဂ)အရ သေဒဏ်၊ တရားခံ ရွှေစင်ရွှေ(ခ) ရွှေစင် (ဘ)ဦးစန်းမြင့်၊ အောင်ဇေယျာပိုင်(ခ) အသေးလေး(ဘ)ဦးစန်းမြင့်၊ ကျော်သူဝင်း(ခ) ဗိုလ်ချဲ(ဘ)ဦးဝင်းကြည်တို့အား ရာဇသတ်ကြီးပုဒ်မ ၄၁၁ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

အိမ်မြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ




## 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၃ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၃၀**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၃ ရက်တွင် စတင်မည်ဖြစ်သည်။

အဆိုပါ 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၃ ရက်အထိ ၁၁ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။



2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jan-nik Sinner နှင့် အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။

(ဝဲပုံ)
(NGB)

## ကာလာဖီအိုရီ အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၃၃ ဂျာစီအား ဝတ်ဆင်ကစားမည်



**လန်ဒန် ဇူလိုင် ၃၀**

နောက်ခံကစားသမား သစ်ကာလာဖီအိုရီ အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၃၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘိုလော့နာအသင်းမှ အာဆင်နယ်အသင်းသို့ ၅နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ကာလာဖီအိုရီသည် ဘိုလော့နာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကာလာဖီအိုရီက ကျွန်တော် အာဆင်နယ်အသင်းမှာ ကျောနံပါတ် ၃၃ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းကို ပြောင်းရွှေ့ခွင့်ရလို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

## ကိုဗာဆစ်အား ခေါ်ယူရန် ဖီနာဘာချီအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၃၀**

နည်းပြ မော်ရင်ဟိုကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းသည် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ (ယာပုံ)



အသက်(၃၀)နှစ်အရွယ်ရှိ ကိုဗာဆစ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ကိုဗာဆစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်ချက်စတာစီးတီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ကိုဗာဆစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## ချီယေဆာအား ခေါ်ယူရန် စပါးအသင်းစိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၃၀**

စပါးအသင်းသည် ဂျူဗင်တပ်အသင်း တောင်ပံကစားသမား ချီယေဆာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ ပွဲကစားပြီး ၃၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ချီယေဆာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချ သွားဖွယ် ရှိသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ ချီယေဆာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)
(NGB)



## အူဂါတေး၏ ပြောင်းရွှေ့ကြေး ယူရို ၅၉ သန်းအထိ ပီအက်စ်ဂျီအသင်း အလိုရှိ

**ပါရီ ဇူလိုင် ၃၀**

ပီအက်စ်ဂျီအသင်းသည် အသင်း ကွင်းလယ်ကစားသမား အူဂါတေး၏ ပြောင်းရွှေ့ကြေးအား ယူရို ၅၉ သန်းအထိ အလိုရှိနေသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အူဂါတေးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီး ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း အူဂါတေးအတွက် ၎င်းတို့ အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းအလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း အူဂါတေးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (အောက်ပုံ)

(NGB)



## အန်ဒို လီဗာပူးအသင်းတွင် ဆက်ရှိသွားမည်

**လီဗာပူး ဇူလိုင် ၃၀**

ကွင်းလယ်ကစားသမား အန်ဒို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း လီဗာပူးအသင်းက အတည်ပြုခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မာဆေးလ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား အန်ဒိုသည် လီဗာပူးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး ၂ ဂိုး သွင်းယူထားသည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် အန်ဒိုအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်ဟု ထုတ်ပြန်သည်။

(အောက်ဝဲပုံ)(NGB)



| ဘောလုံး သတင်း အတို အထွာ များ | |
|---|---|
| | * စီးရီးအေကလပ် မွန်ဇာအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်း ဂိုးသမားဟောင်း ကေလာနာဗက်စ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။<br>* ပရီးမီးယားလိဂ်ကလပ် အဲဗာတန်အသင်းသည် လိုင်ယွန်အသင်း နောက်ခံကစားသမား အိုတရိုင်ယန်အား ခေါ်ယူနိုင်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB) |

### ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်) နောက်ဆုံးပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၃၁-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၉:၃၀ နာရီ | C | ဂျပန် - နိုင်ဂျီးရီးယား |
| ” | ” | C | ဘရာဇီး - စပိန် |
| ” | ည ၁၁:၃၀ နာရီ | B | ဇမ်ဘီယာ - ဂျာမနီ |
| ” | ” | B | ဩစတြေးလျ - အမေရိကန် |
| ၁-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၁:၃၀ နာရီ | A | နယူးဇီလန် - ပြင်သစ် |
| ” | ” | A | ကိုလံဘီယာ - ကနေဒါ |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃၁-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၅:၀၀ နာရီ | အူရာဝါရက်စ် (ဂျပန်) - နယူးကာဆယ် (အင်္ဂလန်) |
| ” | ည ၁၀:၃၀ နာရီ | ဆိုစီအက် (စပိန်) - အိုဆာဆူနာ (စပိန်) |
| ၁-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၀:၀၀ နာရီ | ဗီယင်နံ (နယ်သာလန်) - မိုနာကို (ပြင်သစ်) |
| ” | နံနက် ၆:၀၀ နာရီ | လီဗာပူး (အင်္ဂလန်) - အာဆင်နယ် (အင်္ဂလန်) |
| ” | နံနက် ၀၆:၃၀ နာရီ | လိုက်ပဇစ် (ဂျာမနီ) - ဗီလာ (အင်္ဂလန်) |
| ” | ” | ပဲလေ့စ် (အင်္ဂလန်) - ဝုဖ် (အင်္ဂလန်) |
| ” | နံနက် ၀၇:၀၀ နာရီ | ရိုင်ရဲလ်မက်ဒရစ် (စပိန်) - အေစီမီလန် (အီတလီ) |
| ” | နံနက် ၀၈:၃၀ နာရီ | မန်ယူ (အင်္ဂလန်) - ဘက်တစ် (စပိန်) |

# (၁၁၇)ကြိမ်မြောက် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

တိုင်းရင်းဆေးတက္ကသိုလ်၊ (မန္တလေး)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော (၁၁၇)ကြိမ်မြောက် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် GTIME စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ ပါမောက္ခ မောင်မောင်သက်၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ တိုင်းရင်းဆေးတက္ကသိုလ်က အမှာစကားပြောကြားပြီး ကူညီပံ့ပိုးသူ ဦးငြိမ်းသူလှိုင်+ဒေါ်ရွှေရည်ဝင်း၊ အောင်ဝိဇ္ဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက Reproductive Health and Sexual Health Education စာတမ်းကိုလည်းကောင်း၊ တိုင်းရင်ဆေးတက္ကသိုလ်၊ အဏုဇီဝနှင့် ရောဂါဗေဒဌာန၊ ကထိက၊ ဌာနမှူး ဒေါက်တာခိုင်မျိုးက ဖို၊ မသဘာဝနှင့်ခန္ဓာဗေဒစာတမ်းကိုလည်းကောင်း၊ ဇီဝကမ္မနှင့် ဇီဝဓာတုဗေဒဌာန၊ ကထိက၊ ဌာနမှူး ဒေါက်တာမြသီတာဖြူက Safe sex and contraception စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။



အဆိုပါ စာတမ်းဖတ်ပွဲသို့ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခင်ဖြူသက်၊ ခုတင်(၁၀၀) ဆံ့တိုင်းရင်းဆေးရုံ အုပ်ကြီး ဒေါ်မိုးသီတာဝင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေး) အလုပ်အမှုဆောင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ် ရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက် ရောက်ကြကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-ဧ)



# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် Myo Thein Electronic Co.,Ltd. ဝန်ထမ်းရေးရာဌာနတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဇူလိုင် ၂၇ရက် နှင့် ၂၈ ရက်များက ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၃လမ်းနှင့် ၂၉လမ်းထောင့်ရှိ အရောင်းပြခန်းအပေါ်ထပ်တွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်းကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲနည်းပြများနှင့် အတူ စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄၅)**



# နတ်မောက်မြို့နယ် နွေနှမ်းစံကွက်ရိတ်သိမ်း

**နတ်မောက် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့သည် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံ အဓိကစိုက်ပျိုးသည့် မြို့နယ်ဖြစ်ကာ ဆီဖူလုံမှုရရှိပြီး ပြည်ပမှဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အဆိုပါ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပ/ဌေးချိုကျေးရွာ ကွင်းအမှတ်(၈၃၇)အတွင်းရှိ တောင်သူဦးလူလှ၏ နွေနှမ်းစိုက်ခင်းအား ရိတ်သိမ်းခဲ့သည်။

နတ်မောက်မြို့နယ်တွင် ယခုနှစ်စိုက်ပျိုးရာသီ၌ နွေနှမ်း ၇၈၅ ဧကစိုက်ပျိုးခဲ့ပြီး နတ်မောက်တမံဆည်ရေသောက်စနစ်ဖြင့် နွေနှမ်း ၂၈၅ဧက၊ ကျောက်တံခါးတမံဆည်ရေသောက်စနစ်ဖြင့် နွေနှမ်း ၄၉၈ဧကနှင့် မြေအောက်ရေနှင့် နှစ်ဧက စိုက်ပျိုးထားပြီး နွေနှမ်းများမှာအထွက်နှုန်းကောင်းမွန်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုထံက သိရသည်။

**လှဝင်း(မြို့နယ်/ပြန်ဆက်)**

# (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တံတားဦး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁နာရီက တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့်အညီ ပြိုင်ပွဲ၏ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများနှင့်ပတ်သက်ပြီး ယခင်ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်မှုများလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုသည့် စကားရပ်ကို အထူးပြုပြီး ကျင်းပသော ပြိုင်ပွဲဖြစ်ခြင်းကြောင့် စနစ်တကျ အောင်မြင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံပါကြောင်း၊ (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တံတားဦးခရိုင် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေး ဦးစီးကော်မတီများမှ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းလုပ်ငန်းဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ လုံခြုံရေးလုပ်ငန်းဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းဆပ်ကော်မတီ စသည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းကော်မတီများ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(၄၀၉)**



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

# ကီလိုမာလကာစိုက်ပျိုးရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ

**ကျောက်ဆည် ဇူလိုင် ၃၀**

ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် စပါးသီးနှံကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေများနှင့် ကိုင်း၊ ကျွန်းမြေများတွင် ကာလတို၊ ကာလရှည်သီးပင်၊ စားပင်များနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပြီး ကီလိုမာလကာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိပြီး စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

နေ့စဉ် မိသားစုပုံမှန်အပိုဝင်ငွေရအောင် တစ်ပင်လျှင် ငွေကျပ် ၅၀၀ နှင့် ကီလိုမာလကာအပင် ၁၀၀ ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်အတွင်း ရောင်းတန်းဝင်အသီးများကို စတင်ခူးဆွတ်ရောင်းချလာခဲ့ရာ သုံးနှစ်သက်တမ်းရှိသွားပြီဖြစ်ကြောင်း၊ ရောင်းသည့်အခါ အချဉ်ပေါင်းလုပ်ရောင်းသည့် ဈေးသည်များက ခြံထဲအထိလာပြီး တစ်နေ့တာ ရောင်းရသလောက် ခန့်မှန်းပြီး လာရောက်ဝယ်ယူကြကြောင်း၊ အသီးအကြီး၊ အသေးအပေါ်မူတည်ပြီး ခြံတွင်းဈေး တစ်လုံးကို ငွေကျပ် ၁၀၀၊ ၁၈၀ ဖြင့် နေ့စဉ်လာဝယ်၍ ဝင်ငွေရသည့်အတွက် စားဝတ်နေရေး အထောက်အကူပြုသဖြင့် အဆင်ပြေကြောင်း ကီလိုမာလကာ စိုက်ပျိုးထားသည့် သင်တောင်းကျေးရွာမှ ဒေါ်သီတာအေးက ပြောသည်။



မာလကာသီးနှံသည်နှစ်ရှည်သီးနှံဖြစ်ပြီး စိုက်ပျိုးပါက လေဝင်လေထွက်ကောင်းပြီး အပင်များသန်စေရန်နှင့် ကိုင်းဖြာမှုကောင်းစေရန်၊ အသီးလုံးများလှစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြားပြီး တစ်တန်းနှင့်တစ်တန်း ၁၅ ပေခန့်ခြားကာ စိုက်ပျိုးသင့်ကြောင်း၊ အသီးများအား သီးလုံးဖောက်ပိုးမဝင်စေရန်နှင့် အရောင်တောက်ပစေရန်အတွက် ခူးဆွတ်ရန်ရက်ပေါင်း ၆၀အလိုတွင် မာလကာသီးများကို စက္ကူဖြင့်ပတ်ပြီး ပလတ်စတစ်အိတ်များ စွပ်ပေးရကြောင်း၊ မာလကာစိုက်ပျိုးရာတွင် သွင်းအားစုနည်းပြီး အလုပ်သမားရှားပါးမှု အခက်အခဲမရှိသောကြောင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ပါက ဝင်ငွေကောင်းသည့်သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

## သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**ပုသိမ်ကြီး ဇူလိုင် ၃၀**

'သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာ' အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျောက်မီး) ပန်းမြိုင်လယ်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲ၌ သစ်တောသစ်ပင်၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်ပြုစုထိန်းသိမ်းခြင်းနည်းလမ်းများ၊ သစ်တောဦးစီးဌာနမှ လုပ်ကိုင်နေသော သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးစံ၊ တောအုပ်ကြီး ဦးရေခဲ၊ ဦးဗိုလ်ဝင်း၊ ဦးဆန်းဦးနှင့် ဦးမြင့်ရွှေတို့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၈၂ ဦးတို့အား အသိပေးဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲ အပြီးတွင် အခြေခံပညာအထက်တန်းကျောင်း (ကျောက်မီး)ကျောင်းဝင်းအတွင်း ခရေ ၃၀ပင်၊ ကံ့ကော် ငါးပင်၊ ယင်းမာ ၁၀ပင်၊ ပိတောက် ငါးပင် စုစုပေါင်း အပင် ၅၀ ကို ကျောင်းသား၊ ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲပြုလုပ်

**အမရပူရ ဇူလိုင် ၃၀**

အမရပူရမြို့နယ်၊ ယဉ်တော်ကျေးရွာ၊ ဓမ္မာသုခါယဗိမာန်တော်၌ ယမန်နေ့ နံနက် ၉နာရီခွဲက လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ရုံးမှ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ပြီး ပရော်ဂျက်တာဖြင့် ယခုလိုဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ပြည်သူများလေ့လာနိုင်စေရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယခုကဲ့သို့ အသိပညာပေး ဟောပြောပွဲများကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများနှင့်အလုပ်ရုံများပါမကျန် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**



## ဝါသီးနှံသုတေသနနှင့် နည်းပညာပွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ဝါသီးနှံသုတေသနဆိုင်ရာရလဒ်များ ဆွေးနွေးပွဲကျင်းပ

**ကျောက်ဆည် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ယမန်နေ့ နံနက် ၉နာရီက ဝါသီးနှံသုတေသနဆိုင်ရာရလဒ်များအကြောင်း ဆွေးနွေးပွဲကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုးက ဝါသီးနှံသည် နိုင်ငံတော်၏ အရေးကြီးကုန်စည်ဖြစ်သည့်အတွက် နှစ်စဉ်စိုက်ဧကတိုးချဲ့ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး တွန်းအားပေးဆောင်ရွက်နေကြောင်း၊ သီးနှံထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရန် သုတေသနလုပ်ငန်းသည်အရေးပါကြောင်း၊ နည်းပညာများကိုလည်း ခေတ်စနစ်နှင့် ရာသီဥတုအရ ပြောင်းလဲအသုံးပြုရန်လိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် မျိုးစပ်သည့်နည်းပညာများ အရေးကြီးသဖြင့် မျိုးသန့်ခြံများတွင် နှစ်စဉ် ထိန်းသိမ်း စုဆောင်းထားသော ဝါမျိုးများမှ အလားအလာကောင်းသော မျိုးများအား မိဘမျိုးလိုင်းများအဖြစ် ရွေးချယ်၍ မျိုးများကူးစပ်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းဝါမျိုးများမှာ ၁/၄၀ ချည်သာဆွဲနိုင်သဖြင့် ၁/၆၀ နှင့် ၁/၈၀ ချည်ဆွဲနိုင်သည့် ဝါမျိုးသစ်များကို ဒေသတွင်းထုတ်လုပ်နိုင်မှသာ ပြည်ပမှ ချည်တင်သွင်းမှု လျှော့ချနိုင်မှာဖြစ်သဖြင့် ဝါမျိုးသန့်ခြံများ၌ သုတေသနစမ်းသပ်ချက်များ နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ရလဒ်များတွက်ချက်ပုံနှင့် ကောက်ယူရမည့်အချက်အလက်များ မှန်ကန်ရန် အရေးကြီးကြောင်း အမှာစကားပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ဝါမျိုးသစ်ထုတ်လုပ်နိုင်ရန် ဝါသီးနှံမျိုးကူးစပ်ပုံနည်းစနစ်များကို စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန့်က စမ်းသပ်ကွက်များအလိုက် ကောက်ယူရမည့် မှတ်တမ်းများ၊ သုတေသနရလဒ်များ တွက်ချက်မှုနှင့် သုံးသပ်ချက်များအား ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေး ခြံခုနစ်ခြံမှ ခြံတာဝန်ခံများနှင့် ဝန်ထမ်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၄၈၅)**

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းအတွက် အမျိုးသမီးများ ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်း အခြေခံစက်ချုပ်နည်းပညာ၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံးတွင်း ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းမြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေလျှံစိုးက မွမ်းမံသင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ မွမ်းမံသင်တန်း ပြီးဆုံးလျှင် ထူးချွန်သင်တန်းသား ငါးဦးအား ရွေးချယ်ပြီး မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမှာဖြစ်တဲ့အတွက် စိတ်ဝင်စားစွာ ကြိုးစားလေ့လာကြပါလို့ ဆွေးနွေးပြောကြားကာ ခရိုင်ကျေးလက်လမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးမှ သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံပေးခဲ့သည်။

အဆိုပါ မွမ်းမံသင်တန်းကို ခုနစ်ရက်ကြာ ပြန်လည်သင်ကြားပေးသွားမှာဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

## မန္တလေး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲကျင်းပ၊ ဆုများချီးမြှင့်

**မန္တလေး ဇူလိုင် ၃၀**

၂၀၂၄ခုနှစ် မန္တလေးအမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း ဘက်စုံအားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီးဖူဆယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

၂၀၂၄ခုနှစ် မန္တလေးအမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲတွင် ISPE (B) အသင်းက SHWE MANN THU အသင်းကိုလည်းကောင်း၊ ဗိုလ်လုပွဲတွင် ISP E (A)အသင်းက SPARROW အသင်းကို အနိုင်ရရှိခဲ့သည်။ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌက ပထမဆုရ ISPE(A) အသင်းအား ဆုဖလားနှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ဒုတိယဆုရ SPARROWအသင်းအား ဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးကတတိယဆုရ ISPE (B)အသင်းမှအားကစားသမားများအားတစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ပြီး ဆုရအသင်းများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## လူကြိုက်များလာတဲ့ ဘောထုတ်(thrift)နဲ့ တစ်ပတ်ရစ်ပစ္စည်းများ



ဘောထုတ်ဆိုတာ ဝတ်ပြီးသားအဝတ်တွေကို နိုင်ငံခြားကနေတစ်ဆင့် ဝင်ရောက်လာတဲ့ အထည်တွေပဲ ဖြစ်ပါတယ်။ အရင်တုန်းက ဘောထုတ်ထည်တွေဆိုရင် အဝတ်အစားအတွက် ငွေကုန်ကျမခံနိုင်တဲ့သူတွေအတွက် ရွေးချယ်စရာဖြစ်ခဲ့ပေမယ့် အခုချိန်မှာတော့ လူငယ်တွေကြားမှာပါ တော်တော်လေးခေတ်စားပြီး လူကြိုက်များပါတယ်။ ခုချိန်မှာ ထိုင်းနဲ့ တရုတ်နိုင်ငံကနေ ဝင်တဲ့ အင်္ကျီအသစ်တွေဟာ ငွေဈေး အဆမတန်တက်တာကြောင့် သာမန်အင်္ကျီတစ်ထည်ကို ငွေကျပ် နှစ်သောင်းဝန်းကျင်ပေးနေရတာကြောင့် ဈေးအလွန်သက်သာတဲ့ ဘောထုတ်(thrift)တွေဟာ လူကြိုက်များပြီး ဝယ်ယူဝတ်ဆင်တဲ့သူတွေ များလာပါတယ်။

အသစ်နီးပါးကောင်းမွန်တဲ့ ဘောထုတ်အင်္ကျီတစ်ထည်ကို အင်္ကျီအမျိုးအစားပေါ်မူတည်ပြီး ငွေကျပ် ၃၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ထိရှိပါတယ်။ခုဆိုရင် ဘောထုတ်အင်္ကျီတွေကို online ပေါ်မှာ တွင်ကျယ်စွာရောင်းချကျတဲ့အပြင် အပြင်မှာလည်း ဆိုင်ကြီးဆိုင်ကောင်းတွေ ဖွင့်ပြီးတော့လည်း ရောင်းချကြတာမျိုးတွေ ရှိနေပါတယ်။ ဘောထုတ်ကို ဖက်ရှင်အမျိုးမျိုး ပြောင်းလဲဝတ်ဆင်ချင်ပေမယ့် ငွေအများကြီးမသုံးချင်တဲ့ လူငယ်တွေ အဝယ်များကြပြီး လူလတ်ပိုင်းအမျိုးသားတွေလည်း ဝယ်ယူဝတ်ဆင်ကြပြီး တချို့ဘောထုတ် အထည်တွေဆိုရင် ကမ္ဘာကျော်အမှတ်တံဆိပ်အင်္ကျီတွေဖြစ်တာကြောင့် တစ်ထည်ကို ငွေကျပ် နှစ်သောင်းကနေ တစ်သိန်းဝန်းကျင်ထိ ရှိပါတယ်။ အခုဆိုရင် အဝတ်အစား ဘောထုတ်တင်မကဘဲ အိတ်၊ ဖိနပ်၊ အသုံးအဆောင်ပစ္စည်း ဘောထုတ်တွေကအစ ဈေးကွက်ထဲမှာ တော်တော်လေးခေတ်စားနေပြီး ဝယ်ယူတဲ့သူတွေလည်း အရမ်းများပါတယ်။ ဘောထုတ်အပေါင်းပစ္စည်းတွေကိုတော့ ဂျပန်၊ ထိုင်း၊ ကိုရီးယားနိုင်ငံတွေကနေ တင်သွင်းရောင်းချကြတာ ဖြစ်ပါတယ်။ **Dasiy**

## အဝတ်လျှော်ပြီးနောက်ပိုင်း အဝတ်ပျော့ပျောင်းစေမယ့်နည်းလမ်း



မိုးရာသီမှာ အဝတ်တွေလျှော်ရတဲ့အခါမှာ မိုးခဏခဏရွာတာကြောင့်အဝတ်တွေမခြောက်ဘဲ အနံ့နံခြင်း၊ ဖားဥနဲ့ မှိုစွဲတာတွေဖြစ်တတ်တာကြောင့် မိုးရာသီမှာ အဝတ်လျှော်ရတာဟာ တော်တော်လေးစိတ်ညစ်စရာကောင်းပါတယ်။ ဒါကြောင့် မိုးရာသီမှာ အဝတ်တွေအနံ့အသက်ကင်းစေဖို့နဲ့ အဝတ်တွေပျော့ပျောင်းနေစေဖို့ နည်းလမ်းတချို့ ဝေမျှပေးချင်ပါတယ်။ လျှော်ပြီးရင် အဝတ်တွေ ပျော့နေစေဖို့နဲ့ လျှော်ပြီးအနံ့အသက်ကင်းနေစေဖို့ အရင်ဆုံးလုပ်ရမှာ softener သုံးပါ။ အဝတ်တွေကို မလျှော်ခင်တစ်ရက်ကြိုပြီး အိုင်အိုဒင်းဆားထည့်ထားတဲ့ ရေနွေးနွေးလေးနဲ့ စိမ်ထားလိုက်ပါ။ ဒါမှ နောက်တစ်နေ့မနက်လျှော်တဲ့အခါ အဝတ်အစားတွေက လတ်ဆတ်ပြီး အသစ်လိုဖြစ်နေစေပါတယ်။ အဝတ်လျှော်စက်ထဲ အများကြီးထည့်လျှော်ရင်လည်း အဝတ်တွေကကြပ်ပြီး ပျက်စီးနိုင်တာမလို့ စက်နဲ့လျှော်မယ်ဆိုရင် အဝတ်လျှော်စက်နဲ့ အပေါ်ဘက်မှာ နေရာလွတ် တစ်လက်မလောက် ချန်ထားပါ။ တကယ်လို့ အဝတ်တွေခြောက်ဖို့ Dryer သုံးတယ်ဆိုရင် Dryer Balls ထည့်သုံးကြည့်ပါ။ အခြောက်ခံပြီးရင် အဝတ်တွေက ပုံမှန်ထက် ပျော့ပျောင်းနေတာ တွေ့ရမှာပါ။ **Dasiy**

## ခြောက်သွေ့နေတဲ့ဆံသား ပြန်လည်ကောင်းမွန်လာစေမယ့် နည်းလမ်း

ဆံပင်ပိုပျက်စီးစေတဲ့ အကြောင်းရင်းများစွာထဲက အဓိကအကြောင်းရင်းကတော့ ဆံသားခြောက်သွေ့ခြင်းပဲ ဖြစ်ပါတယ်။ ဆံပင်အရောင်ဆိုးခြင်း၊ ဖြောင့်ခြင်း၊ ကောက်ခြင်းနဲ့ မကြာခဏ အပူပေးတဲ့ပစ္စည်းတွေနဲ့ ဆံပင်ပုံသွင်းတာကြောင့်လည်း ဆံသားခြောက်သွေ့ပျက်စီးစေနိုင်ပါတယ်။ ဆံသားခြောက်သွေ့ခြင်းကို ပြန်လည်ကောင်းမွန်လာစေချင်တယ်ဆိုရင် အခုဖော်ပြမယ့်နည်းလမ်းတွေကို လိုက်လုပ်ကြည့်ဖို့ အကြံပြုပါတယ်။

(၁)

ဆံသားအားဖြည့်ပေးမယ့် ဆီတွေ လိမ်းပါ။ ခေါင်းမလျှော်ခင်မှာ အုန်းဆီ၊ သံလွင်ဆီ၊ ကြက်ဆူဆီ စသည်ဖြင့် ဆံသားအားဖြည့်ဆီ ဦးရေပြားကို အရင်ဆုံးလိမ်းပြီး နှိပ်နယ်ပေးပြီး တစ်နာရီခန့် ပေါင်းတင်ပေးပါ။ ဆီနဲ့ပေါင်းတင်ပေးခြင်းအားဖြင့် ဆံသားခြောက်သွေ့ပျက်စီးခြင်းကို သက်သာစေတဲ့အပြင် ဆံသားပိုထူလာစေပါတယ်။

(၂)

အစိုဓာတ်ဖြည့်ပေးတဲ့ခေါင်းလျှော်ရည်ကို သုံးပါ။ ဆံသားခြောက်တဲ့သူတွေက ရိုးရိုးခေါင်းလျှော်ရည်အစား ဆံသားအစိုဓာတ်ကိုဖြည့်ပေးဖို့ထုတ်ထားတဲ့ ခေါင်းလျှော်ရည်ကို ရွေးချယ်အသုံးပြုပေးဖို့ လိုအပ်ပါတယ်။

(၃)

အစိုဓာတ် (သို့မဟုတ်) ရေဓာတ်ဖြည့်ပေးမယ့် ပေါင်းဆေးကိုသုံးပါ။ ဆံပင်ပေါင်းဆေးတွေမှာလဲ ဆံသားပေါ်မူတည်ပြီး ရွေးချယ်အသုံးပြုရတာဖြစ်လို့ ဆံသားအစိုဓာတ်ကိုဖြည့်ပေးမယ့် ပေါင်းဆေးကိုအသုံးပြုပေးပါ။

(၄)

ခေါင်းလျှော်ပြီးတဲ့အခါတိုင်း ခေါင်းလိမ်းဆီ (သို့မဟုတ်) hair serum ကို မဖြစ်မနေလိမ်းပေးပါ။ ဆံပင်ပေါင်းဆေး၊ ပျော့ဆေးတွေအသုံးပြုပြီး ဆံသားတွေ ပျော့ပြောင်းနေလည်း ခေါင်းလိမ်းဆီကို မဖြစ်မနေလိမ်းပေးမှ ဆံသားအစိုဓာတ်ပိုမိုရရှိပြီး ဆံသားတောက်ပြောင်လှပမှာ ဖြစ်ပါတယ်။

**Dasiy**




## မျက်ကွင်းညိုတာကို သက်သာအောင် ပြုလုပ်ကြမယ်

မျက်ကွင်းညိုတယ်ဆိုတာ အိပ်ရေးပျက်တာတစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ အိပ်ရေးပျက်ခြင်းကြောင့် မျက်ကွင်းညိုတယ်ဆိုရင် အိပ်ရေးဝအောင် ပြန်အိပ်ပေးလိုက်တာနဲ့ သက်သာနိုင်ပေမယ့် အသက်အရွယ်ကြောင့် မျက်ကွင်းညိုခြင်း၊ မျက်လုံးတစ်ဝိုက် အရေပြားအောက်က သွေးလည်ပတ်မှုမကောင်းတာကြောင့် မျက်ကွင်းညိုခြင်း၊ မျက်မှန်တပ်ခြင်း၊ ကွန်ပျူတာနဲ့ ဖုန်းအသုံးများခြင်း၊ မျိုးရိုးလိုက်ခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုး ရှိနိုင်ပါတယ်။

မျက်ကွင်းညိုတာကိုသက်သာဖို့ဆိုရင် eye cream ပုံမှန်လိမ်းပေးရုံနဲ့ မရပါဘူး။မျက်ကွင်းညိုတာသက်သာစေဖို့အတွက် အိပ်ရေးဝဝအိပ်ပေးပါ။ ရေများများသောက်ပြီး သကြားနဲ့ ဆားလျှော့စားပါ။retional ပါတဲ့ eye cream ကို လိမ်းပေးပြီး facial roller (သို့မဟုတ်) Gusha နဲ့ မျက်လုံးတစ်ဝိုက်အသာအယာနှိပ်နယ်ပေးပါ။ ဖုန်းနဲ့ ကွန်ပျူတာ လျှော့သုံးပြီး မျက်လုံးလေ့ကျင့်ခန်းကို တစ်နာရီခြားတစ်ခါလောက် လုပ်ပေးခြင်းအားဖြင့် မျက်ကွင်းညိုသက်သာစေပြီး မျက်လုံးအညောင်းပြေစေတဲ့အပြင် အမြင်အာရုံလည်း ပိုကောင်းစေပါတယ်။ **Dasiy**

## ဝက်ခြံကိုပိုဆိုးစေမယ့် အစားအသောက်များ




ဝက်ခြံဖြစ်ရတဲ့အကြောင်းရင်းများစွာရှိပါတယ်။ အများအားဖြင့်တော့ ဝက်ခြံဟာ ဟိုမုန်းအပြောင်းအလဲ၊ skincare နဲ့ makeup ပစ္စည်းတွေနဲ့ ဓာတ်မတည့်ခြင်း၊ မိတ်ကပ်မဖျက်ဘဲ ညအိပ်ရာဝင်ခြင်း၊ အစားအသောက်အနေထိုင် စတဲ့အကြောင်းရင်းတွေကြောင့် ဝက်ခြံတွေဖြစ်ပွားတတ်ပါတယ်။ ဝက်ခြံပျောက်ကင်းဖို့ ဆေးခန်းမှာ ကုသပြီး skin care တွေ သေချာဂရုစိုက်ပြီး အသုံးပြုနေပါစေ အစားအသောက်မဆင်ခြင်ဘူးဆိုရင်လည်း ဝက်ခြံဖြစ်ပွားနိုင်ပါတယ်။ ဝက်ခြံကိုပိုဆိုးစေမယ့် အစားအသောက်တွေကတော့ နွားနို့၊ ဆေးလိပ်၊အရက်၊ ဆီကြော်စာ၊ အချိုများတဲ့အစား အစာ၊ အစပ်၊ အင်၊ စိမ့်တဲ့ အစားအစာတွေပဲ ဖြစ်ပါတယ်။ ဝက်ခြံကို သေချာဂရုတစိုက် ကုသနေပါရက်နဲ့ မပျောက်သွားဘူးဆိုရင် မိမိစားတဲ့အစားအသောက်တွေကို ပြန်ပြီးဆန်းစစ်ဖို့ လိုပါတယ်။ နို့နဲ့ နို့ထွက်ပစ္စည်းတွေဟာ ဝက်ခြံနဲ့ အဆီဖုတွေ ပိုဖြစ်စေနိုင်ပါတယ်။ ဝက်ခြံကုသနေစဉ်အတွင်းမှာ အမြန်ဆုံးသက်သာချင်တယ်ဆိုရင် ဆီကြော်စာတွေဖြစ်တဲ့ ကြက်ကြော်၊ အာလူးချောင်းကြော်နဲ့ သရေစာ၊ ချိုလွန်းတဲ့ အချိုရည်၊ အစပ်၊ အသုပ်၊ အရက်၊ ဆေးလိပ်သောက်သုံးခြင်းကို ရှောင်သင့်ပြီး အဆီလျှော့၊ အင်အစပ်လျှော့ထားတဲ့ ထမင်းဟင်း၊ ဖျော်ရည်အစား သစ်သီးစားသုံးခြင်း၊ ဆီကြော်စာတွေအစား ထောပတ်မပါတဲ့ ပေါက်ပေါက်ဆုပ်၊ နေကြာစေ့၊ အစပ်မပါတဲ့ အသုပ်၊ အထောင်း၊ နွားနို့အစား ပဲနို့ပြောင်းသောက်ပေးခြင်းအားဖြင့် ဝက်ခြံကိုလည်း သက်သာစေတဲ့အပြင် ကျန်းမာရေးလည်း ညီညွတ်တာကြောင့် ဝိတ်ပါကျစေနိုင်ပါတယ်။ **Dasiy**



## လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း ကျင်းပ



**ကလေး ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ "အပြောင်းမြောက်ဆုံးဘဝ တစ်ခုတည်ဆောက်ခြင်း" စာအုပ်ပါ အကြောင်းအရာများ စာဖတ်ဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက Book Club အဖွဲ့ဝင်များဖြင့် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် Book Club အဖွဲ့ဝင် စာပေဝါသနာရှင် ဦးမျိုးထွန်းက ဒေါက်တာခင်မောင်ညို ရေးသားသော "လူငယ်နှင့်အကောင်းဆုံးဘဝကို တည်ဆောက်ခြင်း" စာအုပ်ပါ အကြောင်းအရာများဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် စာပေချစ်သူများက သက်ဆိုင်ရာခေါင်းစဉ်ကဏ္ဍများအလိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် အသိပညာပေး စာဖတ်ဝိုင်းများအပြင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲ (Talk Show) များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## အောင်လံမြို့နယ် ကျေးရွာစာကြည့်တိုက် အဆောက်အအုံ ပန္နက်တော်တင်ကျင်းပ

**အောင်လံ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ မဟာဇင်ကျေးရွာ၌ နိုင်ငံတော်မှ လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် မဟာဇင်ကျေးရွာ၊ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ ပန္နက်တော်တင် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မဟာဇင်ကျေးရွာ အဆိုပါစာကြည့်တိုက် မြေနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်း၊ မဟာဇင်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ရတနာပန္နက်စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ရာ လိုအပ်သည်များကို ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အုတ်၊ သဲ၊ ကျောက်နှင့် မြေနေရာများကို မဟာဇင်ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မျိုးသိန်း(ပြန်/ဆက်)

o-o-o-o-o-o

o-o-o-o-o-o

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ အသိပညာပေး ဟောပြော

**ကန့်ဘလူ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲနှင့်သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၂၉ ရက်နံနက် ၉ နာရီက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးမြတ်သူက သစ်တောများ၏အရေးပါမှု၊ သစ်တောထိန်းသိမ်းခြင်းကြောင့် ရာသီဥတုမျှတစေရန်၊ လူများအတွက် စားဝတ်နေရေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးရန်၊ အပန်းဖြေနားနေနိုင်ရန်တို့ကိုလည်းကောင်း၊ တောအုပ် ဦးအောင်မျိုးသန့်က ဌာန၏ လုပ်ငန်းစဉ်များနှင့်ဌာနမှ တည်ထောင်စိုက်ပျိုးသည့် စိုက်ခင်းများအကြောင်းကိုလည်းကောင်း၊ တောအုပ်ဦးစိုးစိုးက သစ်တောပြုန်းတီးရခြင်း၊ ရာသီဥတုဖောက်ပြန်ရခြင်း အကြောင်းရင်းများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးရန်တို့ကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။

ထို့နောက် အထက(၁) ခရေကျောင်းဆောင်ရှေ့၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက သစ်ပင်ရှင်သန်အောင်စိုက်ပျိုးနည်းနှင့်သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာသောအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများက ခရေပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(၄၈၀)





ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြေလေး

## ရောက်ဖြစ်အောင်လာ ဖူးလှည့်ပါ

* မဟာမုနိရုပ်ရှင်တော်
ထူးသည့် ဂုဏ်များ
ပေါ်လွင်ကျော် ။ ။

* ဦးတော်နိမ်ချ
ဖူးမဝ
ရိုကျိုးတုပ်ကွ ပူဇော်ကြ ။ ။

* မစဲနေ့စဉ်
လျှုပွဲသဘင်
ရင်ပြင်တော်ပြည့်သလောက်ပင် ။ ။

* အလှူအတန်း
အံ့မခန်း
ကြက်သီးဖြန်းဖြန်းထခမန်း ။ ။

* ဒီပုံတိုင်းသာ
နို့ပြည်ရွာ
နတ်တို့ တိုင်းပြည်စည်တော့မှာ ။

* အထက်အညာ
လာလည်ကြ
မန္တလာက ကြိုမြိုပ ။ ။

* မန္တလာကို ရောက်ခဲ့ဆို
ဘယ်ကို ရောက်လည်း
မေးလာရင် ။

* ဘုရားကြီးသာ
သင်မပါ
ရောက်တာမှသား
အများကမြင် ။ ။

* ဒါကြောင့် မန္တလာ
ရောက်စဉ်မှာ
ဖူးဖြစ်အောင်သာ
ဖူးလှည့်ပါ ။ ။

မြတ်ထွဏ်းနောင်

## သတင်းပဒေသာ

### သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် ခရိုင်သစ်တောဦးစီးဌာနမှ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းပန်)၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ပြည်သူလူထုပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉ နာရီက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့်အတူ ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်း(၄/၂၀၂၄)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်မြို့နယ် ကင်းသာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက အဆိုပါ ကျောင်းရှိ သရဖူစာသင်ဆောင်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ပညာအလင်း စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ပညာအလင်းစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၂၉ ရက်နံနက် ၉ နာရီက စာအုပ်များ လှူဒါန်းပွဲကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးခြင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ကျင်းပ



**ပင်းတယ ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံ၌ ၁၃၈၆ခု ဝါဆိုလပြည့်ကျော်၆ရက်မှ ၁၀ရက်အထိ သံဃာတော် ၂၅ ပါးတို့က အလှည့်ကျ အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော် ကျင်းပခဲ့ပြီး အောင်ပွဲကို ဝါဆိုလပြည့်ကျော် ၁၀ရက် နံနက် ၇နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကာ ဒါယကာ၊ ဒါယိကာမများ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ အရှင်စန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့မှ ပရိတ်တရားတော် မြတ်ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် အလှူရှင်များက ငွေကျပ် ၇၁၅၃၀၀၀ အား လှူဒါန်းပေးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အလှူရှင်အပေါင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ထို့နောက် မြို့နယ်သံဃာနာယက ဆရာတော်ဘဒ္ဒန္တအရှင်စန္ဒောဘာသက အလှူရှင်ဒါယကာ၊ ဒါယိကာမများနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များအား တရားတော်မြတ် ဟောကြားပေးခြင်းနှင့်အတူ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(၃၃၈)

## ရေဘေးသင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် ဆန်အိတ်များ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ယာယီရေဘေးရှောင်နေရသည့် ဒေသခံပြည်သူများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ပဲခူးမြို့ ကန်ကလေး တောရကျောင်း စာသင်တိုက် ဆရာတော်(ရွှေကျင်)နှင့် တပည့် ဒါယိကာ၊ ဒါယိကာမများက ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်သို့ လာရောက်ပြီး ဆန်အိတ် ၂၂ လုံး ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့ရာတွင် အလှူရှင် ပဲခူးမြို့ ကန်ကလေး တောရကျောင်းစာသင်တိုက် ဆရာတော်(ရွှေကျင်)နှင့် တပည့် ဒါယိကာ၊ ဒါယိကာမများက ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများတွင် ယာယီရေဘေးရှောင်နေကြသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်အိတ် ၂၂ အိတ်အား ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရထံ ထောက်ပံ့လှူဒါန်းပေးခဲ့ပြီး ကျောင်းတိုက်ဝင်းအတွင်းရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(၄၄၅)



## မန္တလေး ချမ်းသာကြီးဆန်လှူအသင်း(၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ အလှူရှင်များနှင့် နယ်အသင်းထောက်များအား ဂုဏ်ပြုပွဲ ကျင်းပ




**မန္တလေး ဇူလိုင် ၃၀**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊၂၆လမ်း၊ ပွဲကုန်း၊ လမ်းမတန်းရှိ ချမ်းသာကြီးဆန်လှူအသင်း (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ အလှူရှင်များနှင့် နယ်အသင်းထောက်များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက အသင်းတိုက်ရွှေပြည်ညွန့်ဓမ္မဗိမာန်တွင် ကျင်းပရာ ချမ်းသာကြီး ဆန်လှူအသင်းဥက္ကဋ္ဌဦးထွန်းနှင့် အလုပ်အမှုဆောင်များ၊ သုဓာတအမျိုးသမီးအဖွဲ့များ၊ အလှူရှင်များ၊ နယ်အသင်းထောက်များမှ ကိုယ်စားလှယ်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မန္တလေးချမ်းသာကြီးဆန်လှူအသင်း ဥက္ကဋ္ဌဦးထွန်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအတွင်းရေးမှူးက ဆွမ်းဆန်တော်နှင့် အလှူငွေစာရင်းဖတ်ကြား အစီရင်ခံခြင်း၊ (၅၅)ကြိမ်မြောက် သံဃိကဒါန ဆွမ်းဆန်တော်လှူဒါန်းကြသော မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းတည်ထောင်သူများအားလည်းကောင်း၊ နယ်အသင်းထောက်များမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး ပုသိမ်ကြီးမြို့နယ် အသင်းဥက္ကဋ္ဌဦးထွန်းခင်က ကျေးဇူးတင်စကားနှင့်အသင်းနာယက ဝိဇယဦးလှမောင်က ဆုပေးစကားပြောကြားကာ အသင်းဥက္ကဋ္ဌဦထွန်းက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။ (အပေါ်ဝဲပုံ)

မွန်းတည့်၁၂ နာရီတွင် ဝါဆိုသံဃာအပါး ၁၀၀ ကျော်ရှိသော ကျောင်းတိုက်ကြီးများသို့ အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များက ဆွမ်းဆန်တော်အိတ်များ လောင်းလှူပေးခဲ့ကြောင်း သိရသည်။

(ကဆ)

# ကျောင်းနေပျော်၍ စာတော်ရေးအတွက် ပညာပါရမီဖြည့်ကြသည်

**ပညာရေးသည် နိုင်ငံတစ်ခုအတွက် လွန်စွာအရေးကြီးသည်။ ပညာရေးဥယျာဉ်ကြီးထဲမှ ရောင်စုံပန်းကလေးများ ဖူးပွင့်ဝေဆာနေလျှင် ထိုဥယျာဉ်ကြီးသည် လှပတင့်တယ်နေမည် ဖြစ်သည်။ ပန်းကလေးများ-ပွင့်တော့မည်-ဖူးတံဝံ့လို့ချီ-ဆိုသကဲ့သို့ နိုင်ငံနှင့်တူသော ဥယျာဉ်ကြီးအတွင်းက ရောင်စုံပန်းကလေးများ ဖူးပွင့်ဝေဆာလာစေရန် ရေလောင်းပေါင်းသင်ခြင်းတို့ ဆောင်ရွက်ရန်လိုပါသည်။ ထိုရောင်စုံပန်းကလေးများမှာ ကျောင်းသား၊ ကျောင်းသူလူငယ်ကလေးများပင် ဖြစ်သည်။**



ထိုသို့ဆိုလျှင် ကျောင်းနေအရွယ် ကလေးငယ်များ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆရာဆရာမ၊ ကျောင်းသားမိဘများသာမက အများပြည်သူတို့အနေဖြင့်လည်းကောင်း၊ အစုအဖွဲ့၊ အသင်းအဖွဲ့များအနေဖြင့်လည်းကောင်း ကူညီသင့်ကြပါ၏။ ၎င်းမှာ ပညာပါရမီဖြည့်ဆည်းခြင်းပင် ဖြစ်သည်။

မန္တလေးမြို့သူ၊ မြို့သားများသည် အလှူအတန်းနှင့် ပရဟိတလုပ်ငန်းများတွင် ဝါသနာအထုံကြီးသူများဖြစ်သည်နှင့်အညီ မဟာမြိုင်(၂) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးက ဦးဆောင်ကာ ပညာပါရမီဖြည့်ဆည်းရန်အတွက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၅ရက် မွန်းလွဲပိုင်းက အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများက တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

"ကျောင်းနေပျော်၍ စာတော်ရမည်-ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကလေးတွေ ကျောင်းတက်ချိန်မှာ စာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောပိုးအိတ်၊ ရေဘူး စတဲ့ ကျောင်းသုံးအထောက်အကူပစ္စည်းတွေကို ကလေးတွေရရှိတဲ့အခါ သူတို့ ပျော်ရွှင်တော့ ကျောင်းမှန်မှန်တက်၊ စာကြိုးစားလာကြပြီး ကျောင်းနေပျော်လို့ စာတော်လာကြမှာပါ။ ပညာတတ်ကြီးတွေဖြစ်လာပြီး သူတို့ရဲ့ ကာယ၊ ဉာဏစွမ်းအားတွေနဲ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်ကြမယ်။ ထောက်ပံ့လှူဒါန်းနိုင်ဖို့ ကျွန်တော်နဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်တွေက အများဆုံးထည့်ဝင်ပြီး လုပ်ငန်းရှင်တွေနဲ့ ရပ်မိရပ်ဖတွေကလည်း ပါဝင်လှူဒါန်းကြတာပါ။ လာမယ့်နှစ်တွေမှာလည်း ကြိုးစားသွားမှာပါ"ဟု လှူဒါန်းထောက်ပံ့ပွဲ ဦးဆောင်သူ မဟာမြိုင်(၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်က ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အုပ်ချုပ်ရေးမှူးလမ်းညွှန်ချက်ဖြင့် မဟာမြိုင်(၂)ရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီး(၂)ဦး၊ ဆရာဆရာမ(၁၈)ဦးနှင့် ကျောင်းသား၊ ကျောင်းသူ (၄၇၀)ဦးတို့အား ကျောင်းသုံးပစ္စည်းများ၊ စာရေး



ကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းနှင့် အာဟာရကျွေးမွေးခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများက ပထမအကြိမ်၊ စုပေါင်းလှူဒါန်းခြင်းဖြစ်ရာ နှစ်စဉ် ဇူလိုင်လရောက်တိုင်း ထောက်ပံ့လှူဒါန်းနိုင်ရန် ကြိုးစားမည်ဟု သိရသည်။

အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်မေက ပြောကြားရာတွင် "ကလေးတွေကို လာရောက်လှူဒါန်းမယ့်ရက်ကို ကြိုတင်ညှိနှိုင်းပါတယ်။ ခုလိုလှူဒါန်းတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ နောက်နောင်မှာလည်း ထောက်ပံ့လှူဒါန်းနိုင်ဖို့ ဆုတောင်းတယ်။ ကလေးတွေက ဗလာမပါ ကံစမ်းမဲနှိုက်ရတဲ့အပြင် ရေခဲမုန့်လည်းစားရလို့ ပျော်နေကြတာ။ ကျောင်းအုပ်နှစ်ဦးအတွက် တစ်ဦးကို ငွေကျပ်တစ်သိန်းနဲ့ ဆရာ၊ ဆရာမတစ်ဦးစီအတွက် ငွေကျပ်ငါးသောင်းထောက်ပံ့တယ်"ဟု ပြောပြသည်။



ထိုလှူဒါန်းပွဲတွင် အလယ်တန်းထိ ကျောင်းသား၊ ကျောင်းသူများကို ကံစမ်းမဲနှိုက်စေ၍ သူတို့အတွက် ပျော်စရာဖန်တီးပေးခဲ့သည်။ အချို့က ကွန်ပါဘူး၊ အချို့က စတီးချိုင့်၊ အချို့က ပလတ်စတစ်ဆွဲခြင်း၊ အချို့က ထမင်းဘူးမဲပေါက်သည်။ မဲပေါက်သူများအနက် ကျောပိုးအိတ်မဲပေါက်သူတွေက သွားပေါ်အောင် ပြုံးနေကြ၍ အပျော်ဆုံးသူများဖြစ်လိမ့်မည်။ တစ်ဦးချင်းစီကို ဗလာစာအုပ်၊ ခဲတံပေးသူကပေး၊ မဲဖလားကိုင်သူနှင့် ပေါက်မဲနံပါတ် ရှာသူတွေကရှာ၊ အပျော်များနှင့် ဆူညံနေသော ခန်းမအတွင်း၌ ဦးစီးဆောင်ရွက်နေသူ မဟာမြိုင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ပရဟိတဆောင်ရွက်သူများနှင့် မဟာမြိုင်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် လုပ်ဖော်ကိုင်ဖက်များမှာ ချွေးတရွှဲရွှဲနှင့် ပညာပါရမီဖြည့်ဆည်းကြသည်မှာ ပီတိဖြစ်ဖွယ်ကောင်းပါ၏။

ပညာရေးသည် နိုင်ငံတစ်ခု၏ အရေးကြီးသော မဏ္ဍိုင်ဖြစ်၍ တိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်လည်း ဖြစ်သည်ဟု ပြောရပါမည်။ ယခုကဲ့သို့ ပညာရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသော ပရဟိတစိတ်အရင်းခံသည့် လှူဒါန်းထောက်ပံ့မှုများကို စာသင်ကျောင်းတိုင်းတွင် ပေါ်ပေါက်စေလိုသည်။ အမျိုးသားစည်းကမ်း အစ-စာသင်ကျောင်းက ဆိုသည့်အတိုင်း စည်းကမ်းရှိ၍ ပညာရည်ပြည့်ဝသော လူကောင်း လူတော်များ မွေးထုတ်ရာ စာသင်ကျောင်းများ၌ ထောက်ပံ့လှူဒါန်းကြရန် နှိုးဆော်ချင်ပါသည်။

နောင်တစ်ခေတ်၏ မျိုးဆက်သစ်များသည် ယခုလူငယ်များဖြစ်ရာ ပညာရေးနှင့်ပတ်သက်၍ ထောက်ပံ့ခြင်းများသည် ပါဝင်လှူဒါန်းသူတို့အတွက် ကုသိုလ်ရရှိမည်ဖြစ်သကဲ့သို့ ပညာပါရမီဖြည့်ဆည်းရာ ရောက်ပါသည်။ ထိုသို့ ပြုစုပျိုးထောင်ရာတွင် ကျောင်းသား၊ ကျောင်းသူများအား မိဘဆရာများသာမက အများပြည်သူအနေဖြင့် စွမ်းအားရှိသလောက် ဝိုင်းဝန်းပံ့ပိုး ကူညီကြရာမှာ ဖြစ်သည်။ အခြားသော ရပ်ကွက်အသီးသီးမှလည်း ဦးဆောင်နိုင်သူများက စီစဉ်၍ မဟာမြိုင်ရပ်ကွက်ကဲ့သို့ ပညာပါရမီ ဖြည့်ဆည်းကြမည်ဆိုလျှင် အတိုင်းထက်အလွန် ကောင်းမြတ်လှပါပေသည်။ မန္တလေးသူ၊ မန္တလေးသားတို့၏ ရင်တွင်းဖြစ် ပရဟိတစိတ်ဓာတ်များ နိုးကြားကူညီကြမည့်သူများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်မိပါသည်။

ပန်းကလေးများ- ပွင့်တော့မည်၊ ဖူးတံဝံ့လို့ချီ၊ နေခြည်မှာ- ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်းဆိုသည့် ကဗျာလေးကို အသင်းအဖွဲ့ဖြစ်စေ၊ တစ်ဦးတစ်ယောက်ဖြစ်စေ ထောက်ပံ့လှူဒါန်းပံ့ဖော်ကြခြင်းဖြင့် ပညာပါရမီဖြည့်ဆည်းကြပါစို့ဟု ဆိုချင်ပါတော့သည်။

**ခိုင်ဆက်ဝေ**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းပျဉ်း ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်က လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်း၍ မြန်မာ့သန်းခေါင်စာရင်းသမိုင်းကြောင်း၊ ဝိသေသလက္ခဏာများ၊ သန်းခေါင်စာရင်းသမိုင်း၊ သန်းခေါင်စာရင်းအသုံးဝင်ပုံ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဖွဲ့စည်းထားရှိမှု၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ သန်းခေါင်စာရင်း ကောက်ယူမည့်နည်းလမ်းများ၊ စာရင်းစစ်စာရင်းကောက်သင်တန်းဖွင့်လှစ် ဆောင်ရွက်သွားမည့်အခြေအနေများ စသဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် ကော်မတီဝင်များက ပါဝင်ဆောင်ရွက်ရမည့် အစိတ်အပိုင်းများအလိုက် ပြန်လည်မေးမြန်းဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။



အဆိုပါ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံး၊ တုံတာမြို့၊ မြို့အုပ်ချုပ်ရေးမှူးနှင့် မိုင်းပျဉ်းမြို့၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးအပြီးတွင် မြို့နယ်လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူးက တက်ရောက်လာကြသူများအား ၂၀၂၄ သန်းခေါင်စာရင်းကောက်ယူရေးတံဆိပ်ပါ ဦးထုပ်နှင့်အင်္ကျီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မြို့နယ်-ပြန်/ဆက်)



# မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၄ ခုနှစ်၊ မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါး တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ နှမ်း တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ဒဂုံမော်ကျေးရွာအုပ်စုနှင့် မကြီးကန်ကျေးရွာအုပ်စုမှ တောင်သူ ၁၄၆ ဦး၏ စပါးသီးနှံ ဧက ၂၄၀ ဧက၊ အခြားသီးနှံ ဧက ၇၆၀ ဧကအတွက် ချေးငွေကျပ် ၁၁၂၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# မိုးစပါး၊ ဆီထွက်သီးနှံများနှင့် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး (မျိုးစေ့နှင့် သွင်းအားစု)များ အခမဲ့ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါး၊ ဆီထွက်သီးနှံများနှင့် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့နှင့် သွင်းအားစုများ(အခမဲ့) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် ခရိုင် စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်နှင့် မြို့နယ် စိုက်ညှိအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ယာယီမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာ စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မိုးစပါး၊ ဆီထွက်သီနှံများနှင့် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး (မျိုးစေ့နှင့်သွင်းအားစု)ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ တအုံကျေးရွာအုပ်စု၊ တောမကျေးရွာအုပ်စုနှင့် အုန်းပင်ခြံကျေးရွာအုပ်စုရှိ စပါးစိုက် တောင်သူများ၊ တောမကျေးရွာအုပ်စု၊ တအုံကျေးရွာအုပ်စုနှင့် မုန်ပင်ကျေးရွာအုပ်စုရှိ နေကြာစိုက် တောင်သူများ၊ မီးသွေးဘုတ်ကျေးရွာအုပ်စုနှင့် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စုရှိ ဝါစိုက်တောင်သူများအား တာဝန်ရှိသူအသီးသီးက (မျိုးစေ့နှင့် သွင်းအားစု)များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား ဝါစိုက်တောင်သူ ဦးကိုကိုချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

ကျော်စွာ(စဉ့်ကိုင်)

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြင့်တင်ပါ။

# ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်း (၅) ကျောင်း ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့၍ ယာယီပိတ်ထားရသော စာသင်ကျောင်း ၃၀ ရှိကြောင်းသိရကာ ဇူလိုင်၂၉ ရက် နံနက်ပိုင်းက အဆိုပါ ယာယီပိတ်ထားရသည့် စာသင်ကျောင်းများအနက် စာသင်ကျောင်း (၅) ကျောင်းအား မြစ်ရေကျဆင်းသွားသဖြင့် ပြန်လည်ဖွင့်လှစ်ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဧရာဝတီမြစ်ရေဟာ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာတာကြောင့် ဇူလိုင် ၂၅ ရက်ကစပြီး ရေကျသွားတဲ့ စာသင်ကျောင်းအချို့ကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူတွေကို ပညာသင်ကြားပေးနေပြီ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်လို့ ယာယီပိတ်ထားရတဲ့ စာသင်ကျောင်းက ကျောင်းပေါင်း ၃၀ ရှိပါတယ်။ ဒီနေ့မှာ ရေဝင်ရောက်လို့ ယာယီပိတ်ထားခဲ့ရတဲ့ ကျောင်းတွေထဲက ကျွန်းကလေးကျေးရွာ (အ·မ·က)၊ ဆင်စုကျေးရွာ (အ·မ·က)၊ ညောင်လှကျေးရွာ (အ·မ·က)၊ သဖန်းတန်းကျေးရွာ (အ·မ·က)ကျောင်းနဲ့ ရွာသာကုန်းကျေးရွာ(အ·မ·က)ကျောင်းတို့ကို မြစ်ရေကျဆင်းသွားပြီဖြစ်လို့ ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကို သင်ခန်းစာ နောက်မကျစေဖို့အတွက် တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်တွေမှာ စာသင်ရက်များ အစားထိုး ဖွင့်လှစ်သင်ကြားပေးမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ် ပညာရေးမှူး ဦးဇော်ဝင်းခိုင်က ပြောသည်။



ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းလာနေပြီဖြစ်ကာ မြစ်ရေမြင့်တက်စဉ်က ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားခဲ့ရသော စာသင်ကျောင်းအချို့ကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ စာသင်ကျောင်း (၈)ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေဝင်ရောက်မှု ရှိနေသေးသော စာသင်ကျောင်းများကိုလည်း မြစ်ရေကျဆင်းပါက ပြန်လည်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(ဝဲပုံ)

(၄၄၅)

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအောင်မြေမြို့နယ်အတွင်းရှိ MSME စားသောက်ကုန်လုပ်ငန်းများကို လိုက်လံကြည့်ရှု

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုး အောင်သည် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန် ရှိသူများလိုက်ပါပြီး မဟာအောင် မြေမြို့နယ်အတွင်းရှိ BECAU- SE ကော်ဖီလုပ်ငန်းနှင့် ရွှေဥ စားသောက်ကုန်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေ မြို့နယ်၊ ၄၁လမ်း(A)၊ ၆၃လမ်း နှင့် ၆၄လမ်းကြားရှိ BECAUSE ကော်ဖီလုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင် ဒေါ်လင်းလင်းခိုင်က ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကော်ဖီကုန်ကြမ်းများကို ပြင်ဦးလွင်ရှိ ကိုယ်ပိုင်ခြံမှ စိုက် ပျိုးရရှိမှုအပြင် ကော်ဖီထွက်ရှိ သည့် အခြားဒေသမှ ဝယ်ယူရရှိ မှု၊ ပြည်တွင်းပြည်ပဈေးကွက် အတွင်း အမျိုးအစား ၁၀ မျိုး ထုတ်လုပ်ဖြန့်ချိနေမှု၊ နိုင်ငံတကာ အဆင့်မီ ထုပ်ပိုးပြင်ဆင်၍ ဆွဲ ဆောင်မှု ပိုမိုရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေမှု၊ ကိုယ် ပိုင်အမှတ်တံဆိပ်များဖြင့် ထုတ် ကုန်အမျိုးအစားအလိုက် ထုပ်ပိုး နေမှု၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်း ဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ တော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင် နိုင်စွမ်း မြင့်မားလာစေရန် လိုအပ် သည့်အထောက်အပံ့များ ပံ့ပိုး ဆောင်ရွက်ပေးခြင်းများကို ဘက် ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက် ပေးနေပါကြောင်း၊ ကော်ဖီသည် တိုင်းပြည်အတွက် ဒေသအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ် ပါကြောင်း၊ မြန်မာ့ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင် နာမည် ကောင်းရရှိနေပြီ ဖြစ်ပါကြောင်း၊ ကော်ဖီကဏ္ဍနှင့် ကော်ဖီတန်ဖိုး ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးနေပါကြောင်း၊ လုပ်ငန်းရှင် များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ လုပ်ငန်းများလည်ပတ် ရာတွင် အဆင်ပြေချောမွေ့စေရန် လို



အပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း ပြော ကြား၍ ကော်ဖီကုန်ကြမ်းများ၊ ထုတ်ကုန်အမျိုးအစားများနှင့် တိုးချဲ့အလုပ်ရုံတည်ဆောက်နေမှု များကို လိုက်လံကြည့်ရှုပြီး လို အပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာ အောင်မြေမြို့နယ်၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ ၇၈လမ်းနှင့် လမ်း ၈၀ ကြားရှိ ရွှေဥစားသောက်ကုန် လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်း ရှင် ဒေါ်ဝေဝေထွန်းက ကုန်ကြမ်း အား ပြည်တွင်းမှ စိုက်ပျိုးထွက် ရှိသည့် ကောက်ညှင်းဆန်ကို အသုံးပြု၍ အခြေခံအသင့်စား မီးနီ ကောက်ညှင်းခွက် မုန့်အမျိုးအစား ၂၀ စီမံထုတ်လုပ်ဖြန့်ချိနေမှု၊ ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် ရေညှိလိပ်ကြော် ကိုယ်တိုင် တီထွင် ထုတ်လုပ်နေမှုများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## အီဂျစ်တို့ စပိန်ကိုအနိုင်ယူပြီး အုပ်စုပထမဖြင့် ကွာတားတက်၊ အာဂျင်တီးနားနှင့် မော်ရိုကိုတို့လည်း အသီးသီးကွာတားဖိုင်နယ်တက်နိုင်ခဲ့

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ အုပ်စု(C) နောက် ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံ တော်ချိန် ည ၇ နာရီ ၃၀ မိနစ်က စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီဂျစ် အသင်းက စပိန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည်။

အီဂျစ်အသင်းအတွက် သွင်း ဂိုးနှစ်ဂိုးကို ပွဲချိန် ၄၀မိနစ်နှင့် ၆၂မိနစ်တွင် အီဘရာဟင်က သွင်းယူပေးခဲ့သည်။ စပိန်အသင်း အတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၉၀မိနစ်တွင် အိုမိုအိုဒီအွန်က သွင်း ယူပေးခဲ့သည်။

အုပ်စု(C) ပွဲစဉ်များအပြီးတွင် အီဂျစ်အသင်းက ၃ပွဲကစား ရမှတ် ၇မှတ်ဖြင့် အုပ်စုပထမ၊ စပိန်အသင်းက ၃ပွဲကစား ရမှတ် ၆မှတ် အုပ်စုဒုတိယဖြင့် ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက် နိုင်ခဲ့ကြသည်။

အုပ်စု(B)နောက်ဆုံးပွဲစဉ် အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်က ယူက ရိန်းအသင်းနှင့် အာဂျင်တီးနား အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ယူက ရိန်းအသင်းအား နှစ်ဂိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။ မော်ရိုကို အသင်းနှင့် အီရတ်အသင်းတို့ ပွဲ စဉ်တွင်လည်း မော်ရိုကိုအသင်းက အီရတ်အသင်းအား သုံးဂိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(B)ပွဲစဉ်များအပြီး တွင် မော်ရိုကိုအသင်းက ၃ပွဲ ကစား ရမှတ် ၆မှတ်ဖြင့် အုပ်စု ပထမ၊ အာဂျင်တီးနားအသင်းက ၃ပွဲကစား ရမှတ် ၆မှတ်ရရှိခဲ့ သော်လည်းဂိုးကွာခြားချက်ကြောင့် အုပ်စုဒုတိယဖြင့် ကွာတား ဖိုင် နယ်အဆင့်သို့ အသီးသီး တက် ရောက်နိုင်ခဲ့သည်။ **(NGB)**



စပိန်အသင်းအား အနိုင်ရရှိပြီးနောက် အီဂျစ်အသင်း အောင်ပွဲခံနေစဉ်။